# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 28 December 2025 ၁၂၀၄၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

**ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ( ၉ )နယ်၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် (၂ )နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်(၉)နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀( စ )အရ ထုတ်ပြန်ကြေညာလိုက်သည် -

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



## ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်တွင် ပြည်တွင်းခရီးသွားဧည့်သည် နှစ်သိန်းကျော်ဝင်ရောက်

ညောင်ဦး ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရ ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများသို့ ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များအတွင်း ဒီဇင်ဘာ ၂၇ ရက်အထိ ခရီးသွားဘုရားဖူး နှစ်သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)တာဝန်ရှိသူများထံမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❂


**ယနေ့ ဖတ်စရာ**

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေး** စာမျက်နှာ » ၄

**မြန်မာ့စာမျက်နှာသစ် - ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ** ဆောင်းပါး စာမျက်နှာ » ၆

**ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် မဲဆန္ဒနယ်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများ ထုတ်ပြန်ကြေညာခြင်း** စာမျက်နှာ » ၈

**ကရင်ပြည်နယ်အတွင်း ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ** စာမျက်နှာ » ၉

ကြေးမုံ

# အနာဂတ်နိုင်ငံတည်ဆောက်နိုင်ရန် မဲရုံဆီသို့အတူတူသွားကြပါစို့

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် စနစ်အမျိုးမျိုးကျင့်သုံးခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် ပြည်သူများတောင်းဆိုခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်ကလမ်းခင်းပုံဖော်ပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်ရွေးကောက်ပွဲတို့ကို လွတ်လပ်ပြီးတရားမျှတစွာကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများနှင့်အစမ္မပြုလုပ်မှုများကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်ကို ခေတ္တရယူ၍ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယနေ့(ဒီဇင်ဘာ ၂၈)ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင်ပါဝင်သည့် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၀၂ မြို့နယ်၌ ရွေးကောက်ပွဲများ ကျင်းပနေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် “နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန်၊ မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားများ မဲပေးနိုင်ရန် အစဉ်တစိုက်ဆောင်ရွက်ပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ပြီး ပြည်သူတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ဒီမိုကရေစီနိုင်ငံတွင် ရွေးကောက်ပွဲသည် အရေးကြီးသောကဏ္ဍဖြစ်သည်။ ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရသစ်တစ်ရပ်ကို ဖော်ဆောင်ပေးရသည်။ ရွေးကောက်ပွဲအား နိုင်ငံတော်ကိုတာဝန်ယူထားသည့်အစိုးရက အကောင်အထည်ဖော်ပေးရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက “မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန်” တိုက်တွန်းပြောကြားထားသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား၊ နိုင်ငံရေးနောက်ခံသမိုင်းကြောင်းများနှင့် ပကတိအနေအထားများအရ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေမည့် နိုင်ငံရေးအခင်းအကျင်းသစ် ပေါ်ပေါက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာစောင့်ထိန်းနိုင်သူ၊ ဒေသနှင့် နိုင်ငံတော်အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူ၊ တပ်မတော်နှင့်လက်တွဲ၍ နိုင်ငံ့အကျိုးကို အမှန်တကယ်သယ်ပိုးဆောင်ရွက်နိုင်သူများကို မဲပေးရွေးချယ်သွားရန်လိုအပ်သည်။

လက်ရှိကာလတွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်ခြင်းမရှိကြသည့် ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများက ရွေးကောက်ပွဲပျက်ပြားအောင် အမျိုးမျိုးအဖုံဖုံ နှောင့်ယှက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသော ဒီမိုကရေစီအခင်းအကျင်းဖြင့်သာ နိုင်ငံကို အကောင်းဆုံးတည်ဆောက်နိုင်သည်ကို မျက်ကွယ်ပြုပြီး လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် ဖျက်ဆီးနေကြသော်လည်း ဒီမိုကရေစီလုပ်ငန်းစဉ်များအား အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပြီး နိုင်ငံတော်ကို တည်ဆောက်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နှောင့်ယှက်သူများကို ဖယ်ရှားရှင်းလင်းပေးလျက်ရှိသည့်နည်းတူ မဲပေးခွင့်ရှိသူနိုင်ငံသားများကလည်း ဆန္ဒမဲပေးခြင်းဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်သော်လည်း မဲပေးနိုင်အောင်ဆောင်ရွက်ရေးမှာ အစိုးရ၏တာဝန်ဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်အကျိုးစီးပွားကို အကောင်အထည်ဖော်နိုင်ရန် မဲပေးခြင်းဖြင့် ပါဝင်ကြရမည်ဖြစ်သည်။ ဆန္ဒမဲပေးရာတွင် လူရွေးချယ်မှု မှန်ကန်ရန်လိုအပ်ပြီး နိုင်ငံတော်မှ လျှောက်လှမ်းနေသော ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်ပါက မဲစာရင်းတွင် ပါဝင်သူများအားလုံး ဆန္ဒမဲပေးကြရန်လိုသည်။ နိုင်ငံတော်အနေဖြင့် တရားမျှတပြီးလွတ်လပ်သည့် ရွေးကောက်ပွဲဖြစ်စေရန် လိုအပ်သည်များကို အတတ်နိုင်ဆုံးပြည့်စုံစေရန် ဆောင်ရွက်ပေးထားပြီး နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်လေ့လာနေကြပြီဖြစ်သည်။ မှန်ကန်သောရွေးကောက်ပွဲ၊ တရားမျှတသောရွေးကောက်ပွဲ၊ သိက္ခာရှိသောရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလိုလားသူ၊ နှောင့်ယှက်သူများက မည်သို့ပင် ဖျက်ဆီးနှောင့်ယှက်ကြသော်လည်း မိမိဒေသ၊ မိမိနိုင်ငံအနာဂတ်ကောင်းကျိုးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်အောင် နိုင်ငံတစ်ဝန်းရှိ မဲရုံများဆီသို့ မဲပေးခွင့်ရှိသူ ပြည်သူအားလုံး အတူတူသွားရောက်၍ မဲပေးကြခြင်းဖြင့် နိုင်ငံကောင်းကျိုးကို ဆောင်ကြဉ်းပေးကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။


လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


## အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် မော်တော်ယာဉ် နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများ တပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များအား ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

## ၂၇ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေဝမ်းစိုး | | | |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| | | | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီး H.E.Mr. Mario Jose Armengol Campos အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီး H.E.Mr.Mario Jose Armengol Campos အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနှင့် အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ထားရှိမှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်း ဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးကြသည်။

ထို့ပြင် မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ပံ့ပိုးကူညီသွားမည့်ကိစ္စ၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ ပုဂံ-ညောင်ဦးမှ

ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်အတွင်း ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားဖူးလာရောက်ကြသည့် ပြည်တွင်းဘုရားဖူးခရီးသွားဧည့်သည်များ၊ ရှေးဟောင်းအဆောက်အအုံ ဗိသုကာလက်ရာ လေ့လာလိုသူ ကျောင်းသားကျောင်းသူများ၊ ဘုရားဖူးရင်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးလိုသူများနှင့် E-Bike ငှားရမ်း၍ ရှေးဟောင်းဘုရားများ လှည့်လည်ဖူးမြော်ကြသူများဖြင့် နေရာတိုင်းတွင် စည်ကားလျက်ရှိသည်။ ခရီးသွားဧည့်သည် ဝင်ရောက်လာမှု များပြားခြင်းနှင့်အတူ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (ပုဂံရုံးခွဲ) လိုင်စင်ရှိ ဟိုတယ်၊မိုတယ် ၉၅ လုံး ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လိုင်စင်ရှိတည်းခိုရပ်သာ ၃၃ လုံးတို့တွင် ခရီးသွားဧည့်သည်များ တည်းခိုမှုများပြားကာ နေ့ချင်းပြန်ခရီးသွားများလည်း များပြားကြောင်း သိရသည်။

**အလုပ်အကိုင်များ အဆင်ပြေလျက်ရှိ**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားဘုရားဖူး များပြားခြင်းနှင့်အတူ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike ငှားရမ်းသူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ ဧည့်ကားအငှားလိုက်သူများ၊ လက်အလုပ်ပန်းချီရေးဆွဲသူများ၊ စားသောက်ဆိုင်များသည် ခရီးသွားဧည့်သည် များပြားခြင်းနှင့်အတူ အလုပ်အကိုင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ဘုရားဖူးခရီးသွားများ စိတ်အေးချမ်းသာစွာ လှည့်လည်ဖူးမြော်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့များကလည်း လှည့်ကင်း၊ ပတ်ကင်းများ၊ အထိုင်ချ လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**တက်ရောက်**

ထို့အတူ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဒူးမားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနကိုယ်စားလှယ်အဖွဲ့၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ-ဂျပန်အသင်း(MJA) ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံများသို့ အလုပ်သဘော ခရီးသွားရောက်ခဲ့ရာတွင် နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုင်ငံခေါင်းဆောင်များထံမှ မိမိတို့ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ထောက်ခံအားပေးမှုများ ရရှိခဲ့သလို နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာနိုင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပါကြောင်း။

အဆွေတော်တို့ လာရောက်လေ့လာမှုသည် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာ၏ အားပေးထောက်ခံမှုကို ပြသရာရောက်ပါကြောင်း၊ ယခု ရွေးကောက်ပွဲသည် မိမိတို့နိုင်ငံသမိုင်းတွင် ဒီမိုကရေစီမှတ်တိုင်တစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးခွင့်ကိုအသုံးချပြီး နိုင်ငံ၏ အနာဂတ် လမ်းကြောင်းကို ဆုံးဖြတ်ပေးနိုင်မည့် အချိန်အခါလည်း ဖြစ်ပါကြောင်း။

ဧည့်သည်တော်များကို ယခုကျင်းပမည့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ အဓိကအချက်သုံးချက်ကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ ပထမအချက်မှာ ရွေးကောက်ပွဲစနစ် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းပြီးသည့်နောက် အထွေထွေရွေးကောက်ပွဲ သုံးကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပြီး အဆိုပါ ရွေးကောက်ပွဲများတွင် လွှတ်တော်သုံးရပ်လုံးကို နိုင်သူအကုန်ယူစနစ် (First Past the Post – FPTP System) ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၌ FPTP စနစ်ကို အသုံးပြုမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် တို့တွင် ရောနှောထားသော ကိုယ်စားလှယ် အချိုးကျစနစ် (Mixed Member Proportional System – MMP) ကို ကျင့်သုံးမည်ဖြစ်ပါကြောင်း၊ MMP စနစ်ဆိုသည်မှာ မတူညီသည့်ရွေးကောက်ပွဲ စနစ်များဖြစ်သည့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပါကြောင်း၊ FPTP စနစ်တစ်ခုတည်းကျင့်သုံးပါက ကိုယ်စားလှယ်နေရာအများစုကို မဲအများဆုံးရသည့်ပါတီကြီးများက ရရှိမည်ဖြစ်ပြီး PR စနစ်နှင့် ပေါင်းစပ်ကျင့်သုံးသည့်အတွက် ပါတီငယ်များလည်း ကိုယ်စားလှယ်အထိုက်အလျောက်ရပြီး လွှတ်တော်ထဲကို ရောက်ရှိမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ ကောင်းကျိုးများကို ရရှိမည်ဖြစ်ပါကြောင်း။

ဒုတိယအချက်မှာ မဲပေးရမည့်ပုံစံ ဖြစ်ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ကြိုတင်မဲများမှလွဲ၍ မဲရုံများတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် ( Myanmar Electronic Voting Machine – MEVM ) စက်များကို အသုံးပြုမဲပေးရမည်ဖြစ်ပါကြောင်း၊ MEVM စက်များကို နိုင်ငံတကာတွင် အသုံးပြုနေကြသည့် မဲပေးစက်များကိုလေ့လာပြီး မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံး ဖြစ်အောင် မြန်မာပညာရှင်များက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ MEVM စက်များကို အသုံးပြုခြင်းကြောင့် အချိန်ကုန်သက်သာခြင်း၊ ပယ်မဲမရှိခြင်း၊ မဲရလဒ်များကို လျင်မြန်စွာ ထုတ်ပြန်နိုင်ခြင်းစသည့် အကျိုးရလဒ်ကောင်းများ အပြင် မဲမသမာမှုများဖြစ်နိုင်မည် မဟုတ်ပါကြောင်း၊ မဲပေးစက်တွင် ပြင်ပနှင့်ချိတ်ဆက်နိုင်သည့် USB Port များ မပါဝင်ခြင်း၊ Wi-Fi ၊ Bluetooth စနစ်နှင့် Internet ကွန်ရက်စနစ်များ မပါဝင်သဖြင့် လုံခြုံစိတ်ချရမှုရှိပါကြောင်း။

မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေးနှင့် အထူးသဖြင့် အမြင်အာရုံ မသန်စွမ်းသူများ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် မျက်မမြင်လက်စမ်းစာ (Braille) ကိုအခြေခံသည့် MEVM စက်ကို တီထွင်ပြုလုပ်ထားပါကြောင်း၊ အမြင်အာရုံ မသန်စွမ်းသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံ မသန်စွမ်းသူများအနေဖြင့် ကိုယ်တိုင် သို့မဟုတ် လိုအပ်ပါက မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သည့် အကူလူပုဂ္ဂိုလ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း၊ မဲပေးစက်၏အရည်အသွေးနှင့် စံချိန်စံညွှန်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ အမျိုးသားစံချိန်စံညွှန်းကောင်စီကလည်း အသိအမှတ်ပြုထားပြီးဖြစ်ပါကြောင်း။

တတိယအချက်အနေဖြင့် အပိုင်းလိုက် ရွေးကောက်ပွဲပြုလုပ်မည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲနေ့ရက်ကို တစ်နိုင်ငံလုံးအနေဖြင့် ရုံးပိတ်ရက်တစ်ရက်တည်း သတ်မှတ်ကျင်းပခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကိစ္စရပ်များ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် အပိုင်း သုံးပိုင်းခွဲ ကျင်းပခြင်းဖြစ်ပါကြောင်း၊ အပိုင်း ( ၁ ) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၊ အပိုင်း (၂) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ နှင့် အပိုင်း (၃) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်၌ ကျင်းပမည်ဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်း ဆောင်ရွက်ရာတွင် ကွန်ပျူတာနည်းပညာကို အသုံးပြုပြီး ဗဟိုမဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် ( Central Voter List Management System – CVLMS ) နှင့် မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (Admin and DEO Software) တို့ကို ပြည်တွင်းနည်းပညာရှင်များက ရေးဆွဲ၍ မဲစာရင်းထပ်ခြင်း၊ မှားယွင်းခြင်း မရှိစေရန် စနစ်တကျ ဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းများကိုလည်း သုံးကြိမ်တိတိ ကပ်ထားကြေညာခဲ့ပါကြောင်း၊ ပြည်သူအားလုံးပါဝင်မှုရှိစေရန်အတွက် ပထမဆုံးအကြိမ် မဲပေးမည့် မဲဆန္ဒရှင်လူငယ်များ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် မသန်စွမ်းသူများအားလုံး ပါဝင်စေရန် အသိပညာပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အားလုံးကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးခွင့်များကို တန်းတူညီမျှ ခွင့်ပြုပေးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း ၂၁၅၁၇ ရုံရှိပြီး မဲရုံတစ်ရုံစီတွင် စနစ်တကျလေ့ကျင့်ထားသည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များရှိပါကြောင်း၊ မဲရုံများတွင် မဲဆန္ဒရှင်များအနေဖြင့် လွတ်လွတ်လပ်လပ်နှင့် ပွင့်လင်းမြင်သာစွာဖြင့် အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေး ဆောင်ရွက်ပေးထားပါကြောင်း၊ မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ လုံခြုံမှုရှိစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစေရန် လုံခြုံရေးတာဝန် ယူထားသည့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ထုတ်ပြန်၍ ထိရောက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်း ပြဋ္ဌာန်းပေးခဲ့ပြီး ရွေးကောက်ပွဲတွင် ပါဝင်သူများ လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးထားပါကြောင်း။

ကော်မရှင်အနေဖြင့် စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး အပြည့်အဝ ဆောင်ရွက်ထားပါကြောင်း၊ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ စောင့်ကြည့်လေ့လာပေးရန်နှင့် တက်ရောက်လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ထောက်ခံအားပေးမှုကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများက တက်ရောက်လာကြသူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုပုံကို လက်တွေ့ရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မဏိရတနာကျောက်စိမ်းခန်းမတို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ပုဂံဆောင် ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ကြောင်း၊ ရွေးကောက်ပွဲကိုလေ့လာရန် ဖိတ်ကြားမှုအတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ၁၉၄၈ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ၇၇ နှစ်တိုင်ရှိပြီဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရင်းနှီးမှု၊ ရုရှားနိုင်ငံ၏ အစဉ်တစိုက် ထောက်ခံအားပေးမှုများအတွက် ရုရှားနိုင်ငံအစိုးရနှင့် ပြည်သူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဒီမိုကရေစီစံချိန်စံညွှန်းများအတိုင်း စနစ်တကျဆောင်ရွက်နေမှု၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာမီဒီယာနှင့် ပြည်တွင်းမီဒီယာများအား လေ့လာသတင်းရယူခွင့်ပြုထားသည့်အခြေအနေ၊ နှစ်နိုင်ငံရွေးကောက်ပွဲ ကော်မရှင်များအကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာရမည့်အစီအစဉ်များနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကာ အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

**(က) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ( ၉ ) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ချင်းပြည်နယ်** | |
| ( ၁ ) | တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | တွန်းဇံမြို့နယ်တစ်ခုလုံး။ |
| ( ၂ ) | ဖလမ်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဖလမ်းမြို့နယ်တစ်ခုလုံး။ |
| ( ၃ ) | ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ထန်တလန်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| ( ၄ ) | ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကောလင်းမြို့နယ်တစ်ခုလုံး။ |
| ( ၅ ) | ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဗန်းမောက်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်** | |
| ( ၆ ) | အမ်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | အမ်းမြို့နယ်တစ်ခုလုံး။ |
| ( ၇ ) | သံတွဲမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | သံတွဲမြို့နယ်တစ်ခုလုံး။ |
| ( ၈ ) | ဂွမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဂွမြို့နယ်တစ်ခုလုံး။ |
| ( ၉ ) | တောင်ကုတ်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | တောင်ကုတ်မြို့နယ်တစ်ခုလုံး။ |

**(ခ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ( ၂ ) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၁ ) | မဲဆန္ဒနယ်အမှတ် ( ၃ ) | ဖလမ်းခရိုင်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၂ ) | မဲဆန္ဒနယ်အမှတ် ( ၆ ) | အမ်းခရိုင်တစ်ခုလုံး။ |

**( ဂ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ( ၉ ) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ချင်းပြည်နယ်လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| ( ၁ ) | တွန်းဇံမြို့နယ် မဲဆန္ဒနယ် | တွန်းဇံမြို့နယ်တစ်ခုလုံး။ |
| ( ၂ ) | ဖလမ်းမြို့နယ် မဲဆန္ဒနယ် | ဖလမ်းမြို့နယ်တစ်ခုလုံး။ |
| ( ၃ ) | ထန်တလန်မြို့နယ် မဲဆန္ဒနယ် | ထန်တလန်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| ( ၄ ) | ကောလင်းမြို့နယ် မဲဆန္ဒနယ် | ကောလင်းမြို့နယ်တစ်ခုလုံး။ |
| ( ၅ ) | ဗန်းမောက်မြို့နယ် မဲဆန္ဒနယ် | ဗန်းမောက်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၆ ) | အမ်းမြို့နယ် မဲဆန္ဒနယ် | အမ်းမြို့နယ်တစ်ခုလုံး။ |
| ( ၇ ) | သံတွဲမြို့နယ် မဲဆန္ဒနယ် | သံတွဲမြို့နယ်တစ်ခုလုံး။ |
| ( ၈ ) | ဂွမြို့နယ် မဲဆန္ဒနယ် | ဂွမြို့နယ်တစ်ခုလုံး။ |
| ( ၉ ) | တောင်ကုတ်မြို့နယ် မဲဆန္ဒနယ် | တောင်ကုတ်မြို့နယ်တစ်ခုလုံး။ |

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၆၅ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၃ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၅၇ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# ချောင်းဦးမြို့၌ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်

**ချောင်းဦး ဒီဇင်ဘာ ၂၇**

စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် ယမန်နေ့ညနေပိုင်းတွင် မြို့နယ်ပြင်ပရောက် (ပြည်တွင်း) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ဖွင့်လှစ်ရေတွက် စာရင်းရေးသွင်းခဲ့သည်။

ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ် စာအိတ်များကို ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကော်မရှင်အရာရှိနှင့် ဝန်ထမ်းများ၊ အများပြည်သူများ ရှေ့တွင် ဖွင့်လှစ်ရေတွက် စာရင်းရေးသွင်းလက်မှတ်ရေးထိုးပြီး ရရှိလာသည့်ကြိုတင်ဆန္ဒမဲ လက်မှတ်များကို အိတ်အဆင့်ဆင့်ဖြင့် မဲပုံးအတွင်း ထည့်သွင်း၍ လုံခြုံရေးကြိုးများ ချည်နှောင်ကာ ညွှန်ကြားချက်များနှင့်အညီ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# မြန်မာ့စာမျက်နှာသစ် - ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)

ယနေ့ (ဒီဇင်ဘာလ ၂၈ ရက်နေ့)တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးက မြန်မာနိုင်ငံအတွက် ပဋိပက္ခများနှင့် အကျပ်အတည်းများကြားမှ နိုင်ငံတစ်နိုင်ငံက ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် စီးပွားရေးပြန်လည်ထူထောင်ရေးဟူသော မျှော်လင့်ချက်စာမျက်နှာသစ်ဆီသို့ ကူးပြောင်းပေးနိုင်မည့် အခွင့်အလမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းတွင်လည်း ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် အားနည်းချက်များကြားမှ ကျင်းပခဲ့ရသည့် နိုင်ငံထူထောင်ရေး သမိုင်းဝင်ရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံ၏ပဋိပက္ခများကို ဖြေရှင်းရန်နှင့် နိုင်ငံတကာအသိုက်အဝန်းတွင် တာဝန်သိစွာဖြင့် ပြန်လည်ရပ်တည်နိုင်မည့် အခွင့်အလမ်းကောင်းများကို ရယူပေးနိုင်ခဲ့သည့်သာဓကများ ရှိခဲ့ဖူးပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ်ကျင်းပသည့် တိုင်းပြုပြည်ပြု အခြေခံအုတ်မြစ်ချရမည့် နိုင်ငံထူထောင်ရေးရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ်တွင် စိန်ခေါ်မှုနှင့် အန္တရာယ်များကြားမှ ပြီးမြောက်အောင် ကျင်းပခဲ့ပါသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံအနှံ့အပြားတွင် ရောင်စုံသောင်းကျန်းမှုများ ဖြစ်ပွားခဲ့ရာ ဦးနုအစိုးရ၏ နောက်ဆုံးခံစစ်မှာ မြို့တော်ဟောင်းရန်ကုန်ဖြစ်ခဲ့သောကြောင့် "ရန်ကုန်အစိုးရ"ဟုပင် အမည်တွင်ခဲ့ပါသည်။ သို့သော် ထိုရန်ကုန်အစိုးရက ၁၉၅၀ ပြည့်နှစ်တွင် ထိုးစစ်များ ပြန်လည်ဆင်နွှဲနိုင်ခဲ့ကာ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သဖြင့် ၁၉၅၁ ခုနှစ်တွင် ကတိပြုထားသည့် ရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ် ဇွန်လမှ ၁၉၅၂ ခုနှစ် ဧပြီလအထိ ၁၄ လတာအတွင်း အဆင့်သုံးဆင့်ဖြင့် ကျင်းပခဲ့ရသည်။ ယနေ့ခေတ် တိုင်းရင်းသားပြည်နယ်များဖြစ်သော နယ်စပ်ဒေသအများအပြားတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သလို မြန်မာနိုင်ငံအလယ်ပိုင်း၏ ၁၁ ရာခိုင်နှုန်းသော ဒေသများမှာလည်း သောင်းကျန်းသူများလက်အောက်တွင် ရှိနေသောကြောင့် ပြည်သူအများစု မဲမပေးနိုင်ခဲ့ကြပါ။ အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် မတည်ငြိမ်မှုများကြားမှ ဦးနုဦးဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)က မဲအပြတ်အသတ်အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံသည် ဆယ်စုနှစ်တစ်ခုစာ ငြိမ်းချမ်းသာယာသောဒီမိုကရေစီခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပါသည်။

ဒုတိယအကြိမ် အခြေခံအုတ်မြစ်ချနိုင်ခဲ့သည့် ရွေးကောက်ပွဲမှာ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပသည့် ပထမဆုံးရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့် သက်တမ်း နှစ် ၂၀ အကြာနှင့် နာဂစ်မုန်တိုင်းဒဏ် ဆိုးရွားစွာခံရပြီး နှစ်နှစ်အကြာတွင် ကျင်းပခဲ့ခြင်းလည်းဖြစ်ပါသည်။ ထိုအချိန်က အချို့သောနိုင်ငံရေးပါတီများက ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြပြီး "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုလုံးတွင်လည်း ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ သို့သော်လည်း ထိုရွေးကောက်ပွဲသည် ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့ကို အောင်မြင်စွာပေါ်ထွက်လာစေခဲ့ပြီး နိုင်ငံတစ်ဝန်း ကြီးမားနက်ရှိုင်းသော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ နောက်ထပ် ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် အောင်မြင်စွာ ပြန်လည်ထိတွေ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ရုံသာမက ပြည်တွင်း၌လည်း တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ယခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည်လည်း အလားတူစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ နိုင်ငံတကာအဖွဲ့အစည်းအချို့က မြန်မာနိုင်ငံရှိ ဒေသအချို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားဆဲရှိနေ၍ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရန် မဖြစ်နိုင်ဟုထောက်ပြကြသော်လည်း မြေပြင်တွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်က မြို့နယ်ပေါင်း ၃၃၀ အနက် ၂၆၅ မြို့နယ် (၈၀ ရာခိုင်နှုန်း)တွင် ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ထားပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)အနေဖြင့် လုံခြုံရေးကိစ္စများကို ထည့်သွင်းစဉ်းစားကာ အဆင့်သုံးဆင့်ဖြင့် ကျင်းပရန်

> ✣ **နိုင်ငံတကာအဖွဲ့အစည်းအချို့က မြန်မာနိုင်ငံရှိ ဒေသအချို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားဆဲရှိနေ၍ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပရန်မဖြစ်နိုင်ဟု ထောက်ပြကြသော်လည်း မြေပြင်တွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က မြို့နယ်ပေါင်း ၃၃၀ အနက် ၂၆၅ မြို့နယ် (၈၀ ရာခိုင်နှုန်း)တွင် ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ထားပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်(UEC)အနေဖြင့် လုံခြုံရေးကိစ္စများကို ထည့်သွင်းစဉ်းစားကာ အဆင့်သုံးဆင့်ဖြင့် ကျင်းပရန် စီစဉ်လျက်ရှိ**

စီစဉ်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးအနှံ့ ရွေးကောက်ပွဲများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ် ၁၀၂ မြို့နယ်၊ ၂၀၂၆ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ၁၀၀ နှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြို့နယ် ၆၃ မြို့နယ်ဟူ၍ အပိုင်းသုံးပိုင်းခွဲကာ တစ်လအတွင်း အပြီးကျင်းပရန် စီစဉ်ထားပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများက ပြည်သူများမဲပေးခြင်းကို အကြမ်းဖက်နှောင့်ယှက်မည်ဟု ခြိမ်းခြောက်ပြောဆိုနေသည့်ကြားမှ UEC အနေဖြင့် ရွေးကောက်ပွဲကို အကျယ်ပြန့်ဆုံးလွှမ်းခြုံနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

ရွေးကောက်ပွဲ လွှမ်းခြုံနိုင်မှုနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရပါက ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ရွေးကောက်ပွဲသုံးကြိမ်အတွင်း ရွေးကောက်ပွဲလွှမ်းခြုံနိုင်မှုနယ်မြေများ သိသိသာသာလျော့ကျလာသည်ကို တွေ့ရပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် မြို့နယ်ငါးခု၊ ၂၀၁၅ ခုနှစ်တွင် မြို့နယ်ခုနစ်ခုတွင်သာ ရွေးကောက်ပွဲဖျက်သိမ်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် မြို့နယ် ၁၅ ခု ဖျက်သိမ်းသည်အထိ ရုတ်တရက်မြင့်တက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ ခုအနက် ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်ကိုးခုတွင် ရွေးကောက်ပွဲဖျက်သိမ်းခဲ့ပါသည်။ ထိုစဉ်က ရခိုင်မြောက်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုမှာ ယခုထက်များစွာနည်းပါးခဲ့သော်လည်း ရွေးကောက်ပွဲများကို လုံခြုံရေးအကြောင်းပြ၍ ဖျက်သိမ်းခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က အာဏာရပါတီအတွက် အသာစီးရနိုင်မည့် တောင်ပိုင်းဒေသများတွင်သာ ရွေးကောက်ပွဲလုပ်ရန်စီစဉ်ခဲ့ပြီး ရခိုင်အခြေပြုပါတီများ ရွေးကောက်ပွဲမဝင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်ဟု ရခိုင်နိုင်ငံရေးပါတီများက စောဒကတက်ခဲ့ကြသည်။ ယခုအကြိမ်တွင်မူ ရွေးကောက်ပွဲများ မကျင်းပနိုင်ရခြင်းမှာ နိုင်ငံရေးအမြတ်ထုတ်ရန်လုံးဝမဟုတ်ဘဲ လုံခြုံရေးအခြေအနေများကြောင့်သာ ဖြစ်ပါသည်။ ထို့ပြင် ပဋိပက္ခများရပ်ဆိုင်း၍ ဒေသလုံခြုံအေးချမ်းလာပါက ကြားဖြတ်ရွေးကောက်ပွဲများကိုလည်း အဆောတလျင်ကျင်းပနိုင်မည် ဖြစ်ပါသည်။

ထိုသို့သောအခက်အခဲကြားမှ ရွေးကောက်ပွဲအား မဖြစ်မနေကျင်းပရန် ပြင်ဆင်နေချိန်တွင် နိုင်ငံတကာရွေးကောက်ပွဲ သုံးသပ်လေ့လာသူအချို့က ရွေးကောက်ပွဲသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိသာ လွှမ်းခြုံနိုင်မည်ဟု အဝေးမှမှန်းဆနေကြပါသည်။ အမှန်စင်စစ် ၂၀၂၄ ခုနှစ် လူဦးရေစစ်တမ်းသန်းခေါင်စာရင်းအရ ရွေးကောက်ပွဲဖျက်သိမ်းထားသည့် မြို့နယ် ၆၅ ခုရှိ လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်းသာရှိပါသည်။ ထို ၆၅ မြို့နယ်မှာ မြို့နယ်စုစုပေါင်း ၃၃၀ ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော်လည်း လူဦးရေသိပ်သည်းဆနည်းပါးသော ဝေးလံခေါင်ဖျားဒေသများ ဖြစ်ကြသည်။ ထို့ပြင် ပဋိပက္ခကြောင့် ထိုဒေသခံများသည် အခြားဒေသ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားကြသူများ ရှိနေသဖြင့် လက်တွေ့မြေပြင်တွင် ထိုဒေသများ၌ နေထိုင်သူမှာ သန်းခေါင်စာရင်းမှန်းဆချက်ထက် များစွာလျော့နည်းနိုင်ပါသည်။ လုံခြုံရေးအခြေအနေများကြောင့် ပြည်သူများ မဲပေးရန်အခက်အခဲများ ရှိနေသော်လည်း ယခုရွေးကောက်ပွဲတွင် ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာစေနိုင်မည့် အားသာချက်အချို့လည်း ရှိနေပါသည်။

ပထမအချက်မှာ နိုင်ငံရေးပါတီ ၅၇ ခုမှ ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သုံးရပ်ရှိ အမတ်နေရာ ၉၅၀ ခန့်အတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကြခြင်း ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးလျှင် အာမခံကြေး ကျပ်ငါးသိန်း ပေးသွင်းထားရပြီး ရှုံးနိမ့်ပါက ထိုငွေကို ပြန်မရနိုင်မှန်းသိလျက်နှင့် ပါတီဝင်များက စိတ်အားထက်သန်စွာ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်ပြည်သူများအတွက် ငွေကြေးဖောင်းပွမှုကျဆင်းရေးမှစ၍ ရပ်ကွက်သန့်ရှင်းလှပရေးနှင့် မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအထိ ပြုပြင်ပြောင်းလဲရေးအစီအစဉ် စိတ်ကူးပေါင်းများစွာကို ကတိပြုတင်ပြလျက်ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုကြောင့်လည်း ကိုယ်စားလှယ်လောင်းများသည် လုံခြုံရေးအရ အကန့်အသတ်များအကြားမှ ဟောပြောပွဲများ၊ အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်နိုင်ကြသည်ကို တွေ့မြင်နိုင်ပါသည်။ **စာမျက်နှာ ၇ သို့** ★

**၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ**

| စဉ် | နိုင်ငံရေးပါတီ | ပါတီဥက္ကဋ္ဌ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်း/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးစု | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) | ဦးခင်ရီ | ၂၆၅ | ၁၅၆ | ၅၆၉ | ၂၈ | ၁၀၁၈ |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ(NUP) | ဦးဟန်ထွန်း | ၁၈၂ | ၁၁၁ | ၃၈၇ | ၁၄ | ၆၉၄ |
| ၃ | ပြည်သူ့ရှေ့ဆောင်ပါတီ(PPP) | ဒေါက်တာသက်သက်ခိုင် | ၁၉၃ | ၁၄၅ | ၃၂၀ | ၁၄ | ၆၇၂ |
| ၄ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူ) | စိုင်းအိုက်ပေါင်း | ၁၅၉ | ၇၆ | ၃၄၁ | ၈ | ၅၈၄ |
| ၅ | ပြည်သူ့ပါတီ (PP) | ဦးကိုကိုကြီး | ၁၅၂ | ၇၃ | ၂၇၈ | ၉ | ၅၁၂ |
| ၆ | မြန်မာ့တောင်သူလယ်သမားဖွံ့ဖြိုးရေးပါတီ | ဦးကျော်စွာစိုး | ၁၂၅ | ၅၅ | ၂၄၃ | ၅ | ၄၂၈ |
| ၇ | ဒေသန္တရပါတီ ၅၁ ခု | - | ၂၀၃ | ၂၃၃ | ၅၂၅ | ၁၉ | ၉၆၀ |
| ၈ | တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ | - | ၅၁ | ၃ | ၃၃ | ၈ | ၉၅ |

*(ရင်းမြစ် - UEC။ မှတ်ချက် - UEC က ကိုယ်စားလှယ်လောင်းများ၏အရည်အချင်းကို စိစစ်ဆဲဖြစ်သဖြင့် အရေအတွက်အပြောင်းအလဲရှိနိုင်ပါသည်။)*

## သင်းပျံ့လို့မွှေး

★ ဒီဇင်ဘာ နှစ်ဆယ့်ရှစ်
ရွှေခေတ်သစ် တည်ဖို့ရာ။
အထွေထွေရွေးကောက်ပွဲ
ဆင်နွှဲချိန်ခါ။
ကောင်းခြင်းပြည့် အစဉ်သာ
မင်္ဂလာရက်မြတ်ပဲ။
ကိုယ်စားလှယ် ကြိုက်ရာရွေးလို့
မဲပေးသည့်ပွဲ။
★ ဒီမိုကရေစီ အခွင့်အရေး
အလွတ်မပေး ကိုယ်ကိုယ်တိုင်။
ကိုယ့်လိုအင် ကိုယ့်ဆန္ဒ
ပြည့်ဝပိုင်ဆိုင်။
အုတ်မြစ်ချ မဏ္ဍိုင်
ခိုင်မာဖို့ မြော်တွေး။
ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်း
ကောင်းတော်သူရွေး။
★ အချိန်မီ မဲပေးဖို့
သွားကြစို့ သူသူငါ။
မဲရုံမှာ မဲပေးကြ
အားရမ်းသာ။
မဲပေးစက် အသုံးပြုကာ
ကိုယ်ကြိုက်ရာ ကိုယ်ရွေး။
မဲပေးရာ လွယ်ကူလှ
တိကျတယ်လေ။
★ တို့နိုင်ငံ ရွေးကောက်ပွဲ
ခြိမ့်ခြိမ့်သဲ ကျင်းပရာ။
နိုင်ငံတကာ မိတ်ဆွေများက
အားပေးဖို့လာ။
မဲပေးမှု လွတ်လပ်စွာ
ကြည့်ရှုကာ ဩဘာပေး။
ဒီမိုကရေစီ ရွှေလမ်းခင်း
သင်းပျံ့လို့မွှေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

★ စာမျက်နှာ ၆ မှ

ဒုတိယအချက်မှာ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး /ပြည်နယ် လွှတ်တော်များအတွက် ကိုယ်စားပြုအချိုးကျရောနှောစနစ် (Mixed–Member Proportion – MMP)ကို ပထမဆုံးအကြိမ် အသုံးပြုနိုင်ခြင်းဖြစ်ပါသည်။ ထိုစနစ်သည် တိုင်းရင်းသားပါတီများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုခု၌သာ ယှဉ်ပြိုင်ကြမည့် ဒေသန္တရ ပါတီများအတွက် အားတက်စရာဖြစ်စေပါသည်။ ယခင်က နိုင်သူအကုန်ယူစနစ်(FPTP)ကြောင့် ပါတီကြီးများကသာ အနိုင်ရခဲ့သော်လည်း ယခု MMP စနစ်ကြောင့် ကရင်၊ ကယား၊ ချင်းနှင့် ပအိုဝ်း စသည့် ပါတီငယ်များသည်လည်း မဲအရေအတွက် ဒုတိယ သို့မဟုတ် တတိယရရှိပါက အချိုးကျစနစ်အရ လွှတ်တော်ထဲသို့ သေချာပေါက် ရောက်ရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် တပ်မတော်က သဘောတူထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပြင်ဆင်ချက်ကို ပြောင်းလဲပြဋ္ဌာန်းနိုင်ပါက တိုင်းရင်းသားနှင့် ဒေသန္တရပါတီများသည် ၎င်းတို့ဒေသ၏ ဝန်ကြီးချုပ်များကို ရွေးချယ်နိုင်ခွင့် သို့မဟုတ် အစိုးရအဖွဲ့တွင် ပါဝင်နိုင်ခွင့် ယခင်ကထက် ပိုမိုရရှိလာနိုင်ပါသည်။

၃။ ဘုရားလှကျေးရွာအုပ်စု၊
၄။ နှမ်းကျေးရွာအုပ်စု၊
၅။ ကံဆင့်ကျေးရွာအုပ်စု၊
၆။ နန်းမြင့်ကျေးရွာအုပ်စု၊
၇။ မိုးနှောင်းခင်းကျေးရွာအုပ်စု၊
၈။ ဒါန်းဒိုင်ကျေးရွာအုပ်စု၊
၉။ အောင်သာကျေးရွာအုပ်စု၊
၁၀။ အလယ်ချိုင့်ကျေးရွာအုပ်စု၊
၁၁။ နဘဲကန်ကျေးရွာအုပ်စု၊
၁၂။ ကျောက်ချောကျေးရွာအုပ်စု၊
၁၃။ လက်သဲချင်ကျေးရွာအုပ်စု၊
၁၄။ လှည်းကူးမကျေးရွာအုပ်စု၊
၁၅။ ဇရပ်ကြီးကျေးရွာအုပ်စု၊
၁၆။ ချောင်းဆုံကျေးရွာအုပ်စု၊
၁၇။ မကြီးပင်တဲကျေးရွာအုပ်စု၊
၁၈။ ရွှေစည်ကြီးကျေးရွာအုပ်စု၊
၁၉။ ဝါးကြီးအိုင်ကျေးရွာအုပ်စု၊
၂၀။ ရုံးစည်ကြီးကျေးရွာအုပ်စု၊
၂၁။ သံဘိုကျေးရွာအုပ်စု၊
၂၂။ လက်ပတောကျေးရွာအုပ်စု၊
၂၃။ ရွှေပြည်တော်ကျေးရွာအုပ်စု၊
၂၄။ ရေခါးကျေးရွာအုပ်စု၊
၂၅။ ပန်းပေါင်းကျေးရွာအုပ်စု၊
၂၆။ ဆီမီးကန်ကျေးရွာအုပ်စု၊
၂၇။ ရုံးတောကျေးရွာအုပ်စု၊
၂၈။ ခါတက်ကုန်းကျေးရွာအုပ်စု၊
၂၉။ မကြီးချိုကျေးရွာအုပ်စု၊
၃၀။ လယ်ကွက်ကြီးကျေးရွာအုပ်စု၊
၃၁။ အရာတော်ကျေးရွာအုပ်စု၊
၃၂။ တလိုင်းရပ်(ရွာသစ်)ကျေးရွာအုပ်စု၊
၃၃။ သမက္ကူကျေးရွာအုပ်စု၊
၃၄။ တံတားကျေးရွာအုပ်စု၊
၃၅။ သပြေဝကျေးရွာအုပ်စု၊
၃၆။ ရွှေပြည်သစ်ကျေးရွာအုပ်စု၊
၃၇။ ဝဲလောင်ကျေးရွာအုပ်စု၊
၃၈။ အေးကျေးရွာအုပ်စု၊
၃၉။ အေးချမ်းသာကျေးရွာအုပ်စု၊
၄၀။ ဇဂျမ်းကျေးရွာအုပ်စု၊
၄၁။ ကန်မြဲကျေးရွာအုပ်စု၊
၄၂။ မင်းရင်ကျေးရွာအုပ်စု၊
၄၃။ ပဒပ်စာကုန်း(စလင်္ကူ)ကျေးရွာအုပ်စု၊
၄၄။ ကန်သာယာကျေးရွာအုပ်စု၊
၄၅။ မင်းတည်းကျေးရွာအုပ်စု၊
၄၆။ နတ်စောင့်ကျေးရွာအုပ်စု၊
၄၇။ ကျောက်ရင်းကျေးရွာအုပ်စု၊
၄၈။ အင်းတဲကျေးရွာအုပ်စု၊
၄၉။ ချောင်းပေါက်ကျေးရွာအုပ်စု၊
၅၀။ တပင်ကန်ကျေးရွာအုပ်စု၊
၅၁။ ကန်ကျေးရွာအုပ်စု၊
၅၂။ ရသစ်ကျေးရွာအုပ်စု၊
၅၃။ အောင်ဇမ္ဗူကျေးရွာအုပ်စု၊
၅၄။ ငါးပင်စင်ကျေးရွာအုပ်စု၊
၅၅။ ကုန်းပုထိုးကျေးရွာအုပ်စု၊
၅၆။ ကျွဲဇင်းကျေးရွာအုပ်စု၊
၅၇။ ဖက်တောကျေးရွာအုပ်စု၊
၅၈။ နန်းတည်းကျေးရွာအုပ်စု၊
၅၉။ သီးကုန်းကျေးရွာအုပ်စု၊
၆၀။ သပွတ်စုကျေးရွာအုပ်စု၊
၆၁။ ဆယ်ကုန်းကျေးရွာအုပ်စု၊
၆၂။ ကိုင်းကျေးရွာအုပ်စု၊
၆၃။ ကျောက္ကာရွာမကျေးရွာအုပ်စု၊
၆၄။ တဲကြီးကုန်းကျေးရွာအုပ်စု၊
၆၅။ လှည်းပွဲကုန်းကျေးရွာအုပ်စု၊
၆၆။ ကြီးပင်တဲကျေးရွာအုပ်စု၊
၆၇။ တောင်လုင်ကျေးရွာအုပ်စု၊
၆၈။ သပွတ်ပင်တဲကျေးရွာအုပ်စု၊
၆၉။ ကျွဲတလင်းကျေးရွာအုပ်စု၊
၇၀။ ကန်တော်ကျေးရွာအုပ်စု၊
၇၁။ တစ်မိုက်သာကျေးရွာအုပ်စု၊
၇၂။ ကြာပို့ကျေးရွာအုပ်စု၊
၇၃။ မာလာကျေးရွာအုပ်စု၊
၇၄။ ကျောဇီကျေးရွာအုပ်စု၊
၇၅။ မင်းကြိုကျေးရွာအုပ်စု၊
၇၆။ ဆင်ဖြူကျေးရွာအုပ်စု၊
၇၇။ သာယာအေးကျေးရွာအုပ်စု။

၄။ မြင်းခြံမြို့နယ်
၁။ အမှတ်(၁)ရပ်ကွက်(ဆီမီးခုံမြို့)၊
၂။ အမှတ်(၂)ရပ်ကွက်(ဆီမီးခုံမြို့)၊
၃။ အမှတ်(၃)ရပ်ကွက်(ဆီမီးခုံမြို့)၊
၄။ အမှတ်(၄)ရပ်ကွက်(ဆီမီးခုံမြို့)၊
၅။ ပင်လယ်ကျေးရွာအုပ်စု၊
၆။ ဖက်ပင်အိုင်ကျေးရွာအုပ်စု၊
၇။ ငါနန်းကျေးရွာအုပ်စု၊
၈။ ကုလကျေးရွာအုပ်စု၊
၉။ ကန်နီကျေးရွာအုပ်စု၊
၁၀။ ပေတောကျေးရွာအုပ်စု၊
၁၁။ ညောင်ဝန်းကျေးရွာအုပ်စု၊
၁၂။ နွားကူးအိုင်ကျေးရွာအုပ်စု၊
၁၃။ ကန်ချောကျေးရွာအုပ်စု၊
၁၄။ ပျော့(ရွှေဘုံသာ)ကျေးရွာအုပ်စု၊
၁၅။ ကတောကျေးရွာအုပ်စု၊
၁၆။ စားကြျူးကျေးရွာအုပ်စု၊
၁၇။ ကြည်ကျေးရွာအုပ်စု၊
၁၈။ ကန်တော်ကျေးရွာအုပ်စု၊
၁၉။ ဂင့်ဂဲကျေးရွာအုပ်စု၊
၂၀။ ဆင်းဂွတ်ကျေးရွာအုပ်စု၊
၂၁။ ကျားတိုင်းကျေးရွာအုပ်စု၊
၂၂။ ရသာကျေးရွာအုပ်စု၊
၂၃။ တပ်ကျေးရွာအုပ်စု၊
၂၄။ ကုက္ကဲကျေးရွာအုပ်စု၊
၂၅။ ရွာသာယာကျေးရွာအုပ်စု၊
၂၆။ ဇီးပင်ကန်ကျေးရွာအုပ်စု၊
၂၇။ တောပုကျေးရွာအုပ်စု၊
၂၈။ ကိုင်းကျေးရွာအုပ်စု၊
၂၉။ ရန္တပိုကျေးရွာအုပ်စု၊
၃၀။ ညောင်တိုကျေးရွာအုပ်စု၊
၃၁။ ဆင်ချောင်းကျေးရွာအုပ်စု၊

စာမျက်နှာ ၁၄ သို့ »»

# ရှမ်းပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၇၈ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

**ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာခြင်း**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃)တွင် **ရှမ်းပြည်နယ်**အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေ မရှိသဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည် မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

**စဉ် မြို့နယ် — ရပ်ကွက်/ကျေးရွာအုပ်စု**

၁။ မက်မန်းမြို့နယ်
၁။ ပန်ယန်းကျေးရွာအုပ်စု၊
၂။ နေ့ဝါကျေးရွာအုပ်စု၊
၃။ ရောင်အန်ကျေးရွာအုပ်စု၊
၄။ မုတ်ပြင်းကျေးရွာအုပ်စု၊
၅။ နားလုံ့ကျေးရွာအုပ်စု၊
၆။ ကွန်ဟောင်းကျေးရွာအုပ်စု၊
၇။ နေ့လကျေးရွာအုပ်စု၊
၈။ အော်ခေဆိုင်ကျေးရွာအုပ်စု၊
၉။ လုံနောက်ကျေးရွာအုပ်စု၊
၁၀။ ယောင်ပန်ကျေးရွာအုပ်စု၊
၁၁။ ရောင်လန်ကျေးရွာအုပ်စု၊
၁၂။ မွတ်ချူးကျေးရွာအုပ်စု၊
၁၃။ ဝမ်ဖင်းကျေးရွာအုပ်စု၊
၁၄။ လိုင်လင်းကျေးရွာအုပ်စု၊
၁၅။ ဝက်ဖကျေးရွာအုပ်စု၊
၁၆။ မွတ်ဟိုင်းကျေးရွာအုပ်စု၊
၁၇။ နောင်ပတ်ကျေးရွာအုပ်စု။

၂။ ဖယ်ခုံမြို့နယ်
၁။ ခေါင်းအီကျေးရွာအုပ်စု၊
၂။ လွယ်ပေါကျေးရွာအုပ်စု၊
၃။ နားဟီးကျေးရွာအုပ်စု၊
၄။ ကုရင်ကျေးရွာအုပ်စု၊
၅။ ရီနွဲကျေးရွာအုပ်စု၊
၆။ ရီလုံရီကန်ကျေးရွာအုပ်စု၊
၇။ သိကျိတ်ကျေးရွာအုပ်စု၊
၈။ အလယ်ပဒေါင်ကျေးရွာအုပ်စု၊
၉။ ဗျဲ့တိုက်ကျေးရွာအုပ်စု၊
၁၀။ ဖယ်ခုံကျေးရွာအုပ်စု။

၃။ ကျောက်မဲမြို့နယ်
၁။ မိုင်းငေ့ါဈေးရပ်ကွက်(မိုင်းငေ့ါမြို့)၊
၂။ မန်လုံရပ်ကွက်(မိုင်းငေ့ါမြို့)၊
၃။ တာလုံရပ်ကွက်(မိုင်းငေ့ါမြို့)၊
၄။ ပန်ဖတ်ဖာရပ်ကွက်(မိုင်းငေ့ါမြို့)၊
၅။ မန်ကောင်းရပ်ကွက်(မိုင်းငေ့ါမြို့)၊
၆။ အထက်ပိုင်းရပ်ကွက်(မိုင်းလုံမြို့)၊
၇။ အလယ်ပိုင်းရပ်ကွက်(မိုင်းလုံမြို့)၊
၈။ အောက်ပိုင်းရပ်ကွက်(မိုင်းလုံမြို့)၊
၉။ ခန္တီရပ်ကွက်(မိုင်းလုံမြို့)၊
၁၀။ ဈေးရပ်ကွက်(မိုင်းလုံမြို့)၊
၁၁။ နမ့်ပိန်ရပ်ကွက်(မိုင်းလုံမြို့)၊
၁၂။ နမ့်ဟူးတောင်းကျေးရွာအုပ်စု၊
၁၃။ ပန်လော့ကျေးရွာအုပ်စု၊
၁၄။ နားပြိန်းကျေးရွာအုပ်စု၊
၁၅။ နားခေါ်ကျေးရွာအုပ်စု၊
၁၆။ ကြူရှောကျေးရွာအုပ်စု၊
၁၇။ တံခွန်တိုင်ကျေးရွာအုပ်စု၊
၁၈။ မိုင်းတင်းကျေးရွာအုပ်စု၊
၁၉။ လွယ်အံကျေးရွာအုပ်စု၊
၂၀။ တောင်ဆေးလိပ်ကျေးရွာအုပ်စု၊
၂၁။ နားအိုက်ခန့်ကျေးရွာအုပ်စု၊
၂၂။ စခန်းသာကျေးရွာအုပ်စု၊
၂၃။ နောင်ပိန်ကျေးရွာအုပ်စု၊
၂၄။ ပင်တိန်ကျေးရွာအုပ်စု၊
၂၅။ ပင်ပေါကျေးရွာအုပ်စု၊
၂၆။ ခေးနင်းကျေးရွာအုပ်စု၊
၂၇။ မော်မာကျေးရွာအုပ်စု၊
၂၈။ ပန်ဝံကျေးရွာအုပ်စု၊
၂၉။ ပြိန်းစင့်ကျေးရွာအုပ်စု၊
၃၀။ ပန်ကွမ်ကျေးရွာအုပ်စု၊
၃၁။ ဟူးကွက်ကျေးရွာအုပ်စု၊
၃၂။ လွယ်ကုန်ကျေးရွာအုပ်စု၊
၃၃။ နောင်ပြစ်ကျေးရွာအုပ်စု၊
၃၄။ ဟူးဆွန်ကျေးရွာအုပ်စု၊
၃၅။ ပန်လင်ကျေးရွာအုပ်စု၊
၃၆။ ချောင်းချောက်ကျေးရွာအုပ်စု၊
၃၇။ ကွန်ကော်ကျေးရွာအုပ်စု၊
၃၈။ ပုံဝိုးကျေးရွာအုပ်စု၊
၃၉။ ကွမ်ဟင်ကျေးရွာအုပ်စု၊
၄၀။ နောင်ကွမ်ကျေးရွာအုပ်စု၊
၄၁။ ပန်စံကျေးရွာအုပ်စု၊
၄၂။ နောင်ရှင်ကျေးရွာအုပ်စု၊
၄၃။ နားအော်ကျေးရွာအုပ်စု၊
၄၄။ တောင်ထိပ်ကျေးရွာအုပ်စု၊
၄၅။ ခန့်ခဲပေ့ါအင်းကျေးရွာအုပ်စု၊
၄၆။ ဟဲကွီကျေးရွာအုပ်စု၊
၄၇။ လွယ်စောင့်ကျေးရွာအုပ်စု၊
၄၈။ လွယ်ကြူကျေးရွာအုပ်စု၊
၄၉။ ကွန်ကောက်ကျေးရွာအုပ်စု၊
၅၀။ မန်ခေါက်ကျေးရွာအုပ်စု၊
၅၁။ ဟဲခမ်းကျေးရွာအုပ်စု၊
၅၂။ ပုံးလုံကျေးရွာအုပ်စု၊
၅၃။ ချုံးကျေးရွာအုပ်စု၊
၅၄။ ကွမ်းစလန်းကျေးရွာအုပ်စု၊
၅၅။ ခွန်ခါကျေးရွာအုပ်စု၊
၅၆။ ပန်ကွဲကျေးရွာအုပ်စု၊
၅၇။ ကျောက်လုံးကြီးကျေးရွာအုပ်စု၊
၅၈။ မုန်းပြင်ကျေးရွာအုပ်စု၊
၅၉။ မြို့ဟောင်းကျေးရွာအုပ်စု၊
၆၀။ တောင်နီကျေးရွာအုပ်စု၊
၆၁။ မန်စင်(ခ)ပဇီကျေးရွာအုပ်စု၊
၆၂။ ပန်ဝိုးကျေးရွာအုပ်စု၊
၆၃။ မင်းကုန်းကျေးရွာအုပ်စု၊
၆၄။ ပါလှိုင်ကျေးရွာအုပ်စု၊
၆၅။ နမ့်ခွန်ကျေးရွာအုပ်စု၊
၆၆။ လွယ်ဆာကျေးရွာအုပ်စု၊
၆၇။ နမ့်ဖန်းကျေးရွာအုပ်စု၊
၆၈။ လွယ်အံကျေးရွာအုပ်စု၊
၆၉။ ကန့်ကန်ကျေးရွာအုပ်စု၊
၇၀။ စန့်ဟိန်းကျေးရွာအုပ်စု၊
၇၁။ လွယ်ခမ်းကျေးရွာအုပ်စု၊
၇၂။ မန်မော်ကျေးရွာအုပ်စု၊
၇၃။ ကော်ပေါင်ကျေးရွာအုပ်စု၊
၇၄။ တော့ဆန်ကျေးရွာအုပ်စု၊
၇၅။ ညောင်မောင်းကျေးရွာအုပ်စု၊
၇၆။ ပန်ဟူကျေးရွာအုပ်စု။

၄။ သီပေါမြို့နယ်
၁။ ဆွန်လုံကျေးရွာအုပ်စု၊
၂။ မိုင်းလင်းကျေးရွာအုပ်စု၊
၃။ ကုန်းသာကျေးရွာအုပ်စု၊
၄။ ပန်မိတ်ကျေးရွာအုပ်စု၊
၅။ ကွန်ခိုက်ကျေးရွာအုပ်စု၊
၆။ ဆောင်ကြဲကျေးရွာအုပ်စု၊
၇။ တွန်ကြိုင်းကျေးရွာအုပ်စု၊
၈။ နောင်တုံကျေးရွာအုပ်စု၊
၉။ ဆိုင်းလိုင်ကျေးရွာအုပ်စု၊
၁၀။ မန်ပြစ်ကျေးရွာအုပ်စု၊
၁၁။ ပန်ခံကျေးရွာအုပ်စု၊
၁၂။ မန်ဆန်းကျေးရွာအုပ်စု၊
၁၃။ ဆင်ကျော့ကျေးရွာအုပ်စု၊
၁၄။ နားတောင့်ကျေးရွာအုပ်စု၊
၁၅။ မခေါ်ကျေးရွာအုပ်စု၊
၁၆။ ပန်ဆန်းကျေးရွာအုပ်စု၊

စာမျက်နှာ ၁၅ သို့ »»»

»»» စာမျက်နှာ ၁၃ မှ

၃၂။ တလုပ်မြို့ကျေးရွာအုပ်စု၊
၃၃။ ရဲတိုင်ကျေးရွာအုပ်စု၊
၃၄။ အိုင့်မကျေးရွာအုပ်စု၊
၃၅။ တူရွှင်းဘို့ကျေးရွာအုပ်စု၊
၃၆။ သစ်ရုံကျေးရွာအုပ်စု၊
၃၇။ ထိန်ပန်းကျေးရွာအုပ်စု၊
၃၈။ ယုန်ထိုးကျေးရွာအုပ်စု၊
၃၉။ ပြားကျေးရွာအုပ်စု၊
၄၀။ မီးပေါက်ကျေးရွာအုပ်စု၊
၄၁။ ကန်စွယ်ကျေးရွာအုပ်စု၊
၄၂။ ပျိုးကန်ကျေးရွာအုပ်စု၊
၄၃။ ကျီးပင်ကန်ကျေးရွာအုပ်စု၊
၄၄။ သင်ပြွန်းကျေးရွာအုပ်စု၊
၄၅။ နတ်ထားကျေးရွာအုပ်စု၊
၄၆။ ပျော်ဘွယ်ကျေးရွာအုပ်စု၊
၄၇။ ဗလုံကျေးရွာအုပ်စု၊
၄၈။ ကန်ဆင့်(တောင်)ကျေးရွာ အုပ်စု၊
၄၉။ ကွမ်းစိုက်ကျေးရွာအုပ်စု၊
၅၀။ ချေဆေးကျေးရွာအုပ်စု၊
၅၁။ ကူကျေးရွာအုပ်စု၊
၅၂။ ကွမ်းသီးပင်(လေးအိမ်တန်း) ကျေးရွာအုပ်စု၊
၅၃။ လင့်ကြီးကျေးရွာအုပ်စု၊
၅၄။ ကိုင်းတောင်ကျေးရွာအုပ်စု၊
၅၅။ ဒေါင့်သစ်ကျေးရွာအုပ်စု၊
၅၆။ ဇီးတောကျေးရွာအုပ်စု၊
၅၇။ ထနောင်းတိုင်ကျေးရွာအုပ်စု၊
၅၈။ ထနောင်းကုန်းကျေးရွာအုပ်စု၊
၅၉။ ဂျုပ်ပင်ကျေးရွာအုပ်စု၊
၆၀။ ငွေးပင်ရိုးကျေးရွာအုပ်စု။

၅။ သပိတ်ကျင်းမြို့နယ်
၁။ ဆိပ်ကမ်းရပ်ကွက်(သပိတ်ကျင်းမြို့)၊
၂။ ကဘဲ့ရပ်ကွက်(သပိတ်ကျင်းမြို့)၊
၃။ အမှတ်(၁)ရပ်ကွက်(တကောင်းမြို့)၊
၄။ အမှတ်(၂)ရပ်ကွက်(တကောင်းမြို့)၊
၅။ အမှတ်(၃)ရပ်ကွက်(တကောင်းမြို့)၊
၆။ ငွေးပင်မှော်ကျေးရွာအုပ်စု၊
၇။ ဝါးဖြူတောင်ကျေးရွာအုပ်စု၊
၈။ အုံးဖုံးကျေးရွာအုပ်စု၊
၉။ ကျောက်လှည်းဘီးကျေးရွာအုပ်စု၊
၁၀။ တွင်းငယ်ကျေးရွာအုပ်စု၊
၁၁။ ကျောက်ဖြူကျေးရွာအုပ်စု၊
၁၂။ ရေညာဦးကျေးရွာအုပ်စု၊
၁၃။ ကြာညှပ်ကျေးရွာအုပ်စု၊
၁၄။ ပေါက်တပင်ကျေးရွာအုပ်စု၊
၁၅။ ဝါးရုံကုန်းကျေးရွာအုပ်စု၊
၁၆။ ဆယ်ဇင်းကုန်းကျေးရွာအုပ်စု၊
၁၇။ လက်ပံကုန်းကျေးရွာအုပ်စု၊
၁၈။ မကျီးကုန်းကျေးရွာအုပ်စု၊
၁၉။ အင်းနက်ကျေးရွာအုပ်စု၊
၂၀။ ကျောက်အိုက်ကျေးရွာအုပ်စု၊
၂၁။ မိုင်းဒိုင်းကျေးရွာအုပ်စု၊
၂၂။ ချောင်းကြီးကျေးရွာအုပ်စု၊
၂၃။ ဖုန်ကုန်းကျေးရွာအုပ်စု။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၇၉ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

**ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာခြင်း**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း( ၃ )တွင် **ဧရာဝတီတိုင်းဒေသကြီး**အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(စ) အရ ထုတ်ပြန်ကြေညာလိုက်သည် -

**စဉ် မြို့နယ်** | **ရပ်ကွက်/ကျေးရွာအုပ်စု**

၁။ ရေကြည်မြို့နယ်
၁။ ကက္ကူကြီးကျေးရွာအုပ်စု၊
၂။ သက္ကယ်ပြင်ကျေးရွာအုပ်စု၊
၃။ ရွာသစ်ကြီးကျေးရွာအုပ်စု၊
၄။ ပန်းပုကွင်းကျေးရွာအုပ်စု။

၂။ လေးမျက်နှာမြို့နယ်
၁။ ဒေါင့်ကြီးကျေးရွာအုပ်စု၊
၂။ မယ်ဇလီကျေးရွာအုပ်စု၊
၃။ ယင်းဆယ်ကျေးရွာအုပ်စု၊
၄။ ခြောက်ဆယ်ကျေးရွာအုပ်စု၊
၅။ သောင်ဘုတ်ကျေးရွာအုပ်စု၊
၆။ ကြီးပေါက်ကုန်းကျေးရွာအုပ်စု၊
၇။ ပန်းတောကြီးကျေးရွာအုပ်စု၊
၈။ ကွမ်းခြံကုန်းကျေးရွာအုပ်စု၊
၉။ ဘဲ့ပြားကုန်းကျေးရွာအုပ်စု၊
၁၀။ ဝါးတောကွင်းကျေးရွာအုပ်စု၊
၁၁။ ချင်းကုန်းကျေးရွာအုပ်စု၊
၁၂။ သဲနုကုန်းကျေးရွာအုပ်စု၊
၁၃။ မိုးကုတ်ကျေးရွာအုပ်စု၊
၁၄။ လှည်းထောက်ကွင်း ကျေးရွာအုပ်စု၊
၁၅။ လှော်ကထားကျေးရွာအုပ်စု၊
၁၆။ ကွင်းကြီးကျေးရွာအုပ်စု၊
၁၇။ ဝတ်ကုန်းကျေးရွာအုပ်စု၊
၁၈။ ကညင်တိုင်းကျေးရွာအုပ်စု၊
၁၉။ ချင်းလယ်ကျေးရွာအုပ်စု။

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

»»» **စာမျက်နှာ ၁၄ မှ**

၁၇။ နမ္မကျေးရွာအုပ်စု၊
၁၈။ ဟူးမြီကျေးရွာအုပ်စု၊
၁၉။ ကွန်ဟောက်ကျေးရွာအုပ်စု၊
၂၀။ မန်ခိုင်းဆီထောက်ကျေးရွာအုပ်စု၊
၂၁။ မန့်မွန်းမန်ကျောင်းကျေးရွာအုပ်စု၊
၂၂။ ကုန်းစုံကျေးရွာအုပ်စု၊
၂၃။ ဟိုခဲကျေးရွာအုပ်စု၊
၂၄။ ကောင်းခံကျေးရွာအုပ်စု၊
၂၅။ မန်ကျောင်း (၄၂) ကျေးရွာအုပ်စု၊
၂၆။ နားလေ(လီ)ကျေးရွာအုပ်စု၊
၂၇။ ကုံးယုံးကျေးရွာအုပ်စု၊
၂၈။ နားမခေါ်ကျေးရွာအုပ်စု၊
၂၉။ စယ်ခန်ကျေးရွာအုပ်စု၊
၃၀။ ကုန်းဆော့ကျေးရွာအုပ်စု၊
၃၁။ နမ့်ရမ်းကျေးရွာအုပ်စု၊
၃၂။ မိုင်းခေးကျေးရွာအုပ်စု၊
၃၃။ မန့်မွန်း(ခေး)ကျေးရွာအုပ်စု၊
၃၄။ နားလေကျေးရွာအုပ်စု၊
၃၅။ ဟိုခိုကျေးရွာအုပ်စု၊
၃၆။ မန်ပန်းကျေးရွာအုပ်စု၊
၃၇။ ပြိန်းညောင်ကျေးရွာအုပ်စု၊
၃၈။ ဟိုအွန်ကျေးရွာအုပ်စု၊
၃၉။ မိုင်းတုံကျေးရွာအုပ်စု၊
၄၀။ ကွန်ခါးကျေးရွာအုပ်စု၊
၄၁။ ဆွတ်တုံကျေးရွာအုပ်စု၊
၄၂။ ကောင်းကျော်ကျေးရွာအုပ်စု၊
၄၃။ ပန်ဟုန်းကျေးရွာအုပ်စု၊
၄၄။ မန်ပတ်ကျေးရွာအုပ်စု၊
၄၅။ မန်ကျောင်း (၆၂) ကျေးရွာအုပ်စု၊
၄၆။ မန်မော်ကျေးရွာအုပ်စု၊
၄၇။ မိုင်းလာကျေးရွာအုပ်စု၊
၄၈။ ကောင်းခံကျေးရွာအုပ်စု၊
၄၉။ လုံတောင်းကျေးရွာအုပ်စု၊
၅၀။ နားဖွယ်ကျေးရွာအုပ်စု။

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုက်ကြီးမြို့နယ်အတွင်းရှိ မဲရုံများခင်းကျင်းထားမှုနှင့် မဲပေးစက်များတပ်ဆင်ထားမှု ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးသည် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုက်ကြီး မြို့နယ်အတွင်းရှိ မဲရုံများခင်းကျင်းဆောင်ရွက်ထား ရှိမှုနှင့် မဲပေးစက်များတပ်ဆင်ထားမှု အခြေအနေများ ကို ယနေ့မွန်းလွဲပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက် ကော့ထူးသည် တာခွကျေးရွာ အခြေခံပညာအထက် တန်းကျောင်းတွင် မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်း မြေ့စွာ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးပုံ အဆင့်ဆင့် အသိပညာပေးနေမှုအခြေအနေ၊ မဲရုံ ခင်းကျင်းထားမှုနှင့် မဲပေးစက်များ တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘူတာရပ်ကွက် အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဂျိုးဖြူ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့တွင် မဲရုံခင်းကျင်းထားမှုနှင့် မဲပေးစက်များ တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ပြီး မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် ကာ လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တောင်ကြီးမြို့၌ ရွေးကောက်ပွဲလှုံ့ဆော်လက်ကမ်းစာစောင်များ၊ sticker များ ဖြန့်ဝေ

**တောင်ကြီး ဒီဇင်ဘာ ၂၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား အားလုံး ပါဝင်မဲပေးနိုင်ရေး အတွက် ရွေးကောက်ပွဲလှုံ့ဆော် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ကမ်ပိန်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ လူစည်ကားရာ နေရာဖြစ်သည့် City Square ရှေ့တွင် ဆောင်ရွက်သည်။



ဦးစွာ ရှမ်းပြည်နယ် လူမှုရေးရာ ဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက အဆိုပါ City Square ရှေ့တွင် ဖြတ်သန်း သွားလာနေသည့် မော်တော်ယာဉ်၊ ဆိုင်ကယ် မောင်းနှင်သူများ၊ ခရီးသည်များ နှင့် ဈေးဝယ်လာ မိဘပြည်သူ များအား ရွေးကောက်ပွဲလှုံ့ဆော် “ဒို့အတူတူ မဲပေးကြမယ်” လက်ကမ်းစာစောင်များ၊ sticker များကို ပြည်သူ့လက်ဝယ် အရောက် ဆက်လက်ဖြန့်ဝေခဲ့ကြ သည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

အလားတူ တောင်ကြီးမြို့ ဒီဇင်ဘာအားကစားလ စတုတ္ထ ပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင် ရေးအတွက် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီ သို့ “ဒို့အတူတူ မဲပေးကြမယ်” ရွေးကောက်ပွဲလှုံ့ဆော် လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ရွေးကောက်ပွဲမှသည် ပိုမို ကောင်းမွန်သော အနာဂတ်ဆီသို့ “ဒို့အတူတူ မဲပေးကြမယ်” ရွေးကောက်ပွဲလှုံ့ဆော် မြေစိုက် ပိုစတာစိုက်ထူခြင်း လုပ်ငန်းကို တောင်ကြီးမြို့ အတက်လမ်း ရှုခင်းသာပန်းခြံအနီးတွင် လည်း ကောင်း၊ မြို့မဈေးမီးပွိုင့်ထောင့် အနီးတွင်လည်းကောင်း၊ စူဠာမုနိ ဘုရား အတက်လမ်းတို့တွင် စိုက်ထူထားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆင်သေရေလွှဲဆည်ကို ဘူမိအနေအထားတည်ငြိမ်မှုရှိသည့် သရက်ကွင်းကျေးရွာအနီး၌ အသစ်ပြန်လည်တည်ဆောက်

နေပြည်တော် ဒီဇင်ဘာ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး၌ အသစ်ပြန်လည် တည်ဆောက်မည့် ဆင်သေ ရေလွှဲဆည်နေရာကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆင်သေရေလွှဲဆည် ပြောင်းရွှေ့တည်ဆောက်ရန် နေရာအသစ်၏ ရေဝပ်ဧရိယာအတွင်း ပါဝင်သည့် စိုက်ပျိုးမြေအား စီမံခန့်ခွဲထားရှိမှု အခြေနေ၊ ဆင်သေရေလွှဲဆည် (အသစ်) အတည်ပြုဒီဇိုင်းပုံစံနှင့် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများ၊ ရေလွှဲဆည် အူကြောင်း(Alignment) ရွေးချယ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အသစ်ပြန်လည် တည်ဆောက်မည့် ဆင်သေရေလွှဲဆည်၏ ရေဝပ်ဧရိယာအတွင်း ပါဝင်သည့် လယ်ယာမြေများ အတွက် အစားထိုးနေရာချထားပေးရာတွင် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေကေ အကွက်ကြီးများ ဖော်ဆောင်ပေးနိုင်ရေး၊ နွေ၊ မိုး၊ ဆောင်း သုံးရာသီစိုက်ပျိုးသည့် လယ်မြေများအား ဦးစားပေး၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့အတွက် ဒေသခံတောင်သူများနှင့် အသေးစိတ်ဆွေးနွေးသွားရန်၊ ရေလွှဲဆည် တည်ဆောက်ရာတွင် အတည်ပြု ဒီဇိုင်းပုံစံများအတိုင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ တည်ဆောက်နိုင်ရေး အတွက် အကြိုတည်ဆောက်ရေးလုပ်ငန်းများကို လျာထားစီမံဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆင်သေရေလွှဲဆည်ကို ဘူမိအနေအထားတည်ငြိမ်မှုရှိသည့် သရက်ကွင်းကျေးရွာအနီး၌ တမံအလျား ပေ ၄၀၀၊ အမြင့် ခြောက်ပေရှိ သံကူကွန်ကရစ်အမျိုးအစား ရေလွှဲဆည်အသစ် တည်ဆောက်မည်ဖြစ်ပြီး မူလ ဆင်သေရေလွှဲဆည်၏ စိစစ်ဧရိယာ ၁၁၆၅၉ ဧကကို အကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မူလဆင်သေရေလွှဲဆည်၏ ကြံ့ခိုင်မှုအခြေအနေနှင့် ရေဝင်ရောက်မှု၊ ရေခေါ်မြောင်း တူးဖော်နေမှု၊ ဆင်သေလက်ယာ တူမြောင်း ရေသောက်စနစ်ပြုပြင်နေမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာအနီးရှိ နေပန်-လပန် စက်မှုလယ်ယာစနစ်ကျလယ်မြေကို ၂၀၂၅ ခုနှစ် မိုးရာသီသဘာဝဘေးရေကြီးရေလျှံမှုကြောင့် ချောင်းနံရံ ရေတိုက်စားပျက်စီးမှုများ ပြန်လည်ပြုပြင်ခြင်းနှင့် ထပ်မံ၍ ရေကြီးရေလျှံမှုကြောင့် ပျက်းစီးမှု ဖြစ်ပေါ်လာပါက ထိခိုက်မှု လျော့နည်းသက်သာစေရန် နရဘန်ချောင်းပေါင်၏ အားနည်းသည့် အပိုင်းများကို ကျောက်ဖြည့် မြေထိန်းနံရံဖြင့် ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

(၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) တပ်မတော်ဆေးရုံးကြီး ခုတင်(၅၀၀)၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ခရိုင်/မြို့နယ်များမှ အသင်းဝင် ၃၅ ဦးက သွေးလှူဒါန်းကြရာ (ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက အားပေးကြည့်ရှုပြီး အာဟာရလက်ဆောင်များပေးကာ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)မှ သွေးဌာနမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် စာပေယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစည်းအဝေးသို့ မြန်မာစာရေးဆရာအဖွဲ့ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၇

ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ မြန်မာ၊ တရုတ်၊ လာအို၊ ဗီယက်နမ်နိုင်ငံများမှ စာပေယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အဖွဲ့ဝင် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်) နှင့် ဦးစိုးမိုးနိုင်(နန်းအောင်လှိုင်)တို့သည် ရန်ကုန်မြို့မှ ဒီဇင်ဘာ ၂၀ ရက်တွင် ထွက်ခွာပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ဖနွမ်းပင်မြို့ Cambodia Japan Co-operation Centre ၌ ၎င်းတို့နိုင်ငံ၏ ဒုတိယအကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် စာရေးဆရာများ၏ စာပေဘဝခရီး အတွေ့အကြုံနှင့် ရသစာပေအထွေထွေအကြောင်း စကားဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌက “A writer is an embassador of culture and peace”ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးကာ စာပေပရိသတ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။



ဒီဇင်ဘာ ၂၂ ရက်တွင် ဝန်ကြီး H.E.Huot Hak(Minister of Tourism)က ဦးဆောင်၍ လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် ဝန်ကြီး H.E. Dr. Phoeurng Sackona (Minister of Culture and Fine Arts)က ဦးဆောင်၍ လည်းကောင်း ကျင်းပသည့် တက်ရောက်လာကြသော နိုင်ငံများ အချင်းချင်း စာပေယဉ်ကျေးမှု ငြိမ်းချမ်းရေးဆိုင်ရာများကို အတူတကွ ပူးပေါင်းဆောင်ရွက်ရေးနှင့် အနာဂတ်ကာလတွင် ပိုမိုချစ်ခင်စည်းလုံးသော ဆက်ဆံရေးကို အရှိန်အဟုန်မြင့်တင်ရေး အစည်းအဝေးများသို့ တက်ရောက်ပြီး နိုင်ငံအလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ ဗုဒ္ဓဘာသာဗဟိုဌာန(Central Centre of Buddhist of Kingdom of Cambodia)၊ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဖြစ်သော အန်ကောဝပ်ဘုရားကျောင်းနှင့် အခြားရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသို့သွားရောက်လေ့လာကြပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ဖနွမ်းပင်မြို့ရှိ Win-Win Monument (ငြိမ်းချမ်းရေးပြတိုက်)နှင့် Tuol Sleng Genocide Museum တို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မောင်နိုင်**



# ပင်လောင်းမြို့နယ်၌ အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဆင်းပွဲပြုလုပ်

ပင်လောင်း ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)တို့ ပူးပေါင်းဆောင်ရွက်သည့် အရန်သားဖွားဆရာမ မွမ်းမံသင်တန်း သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသည့် သင်တန်းသူများအား ဆုချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များနှင့် အရန်သားဖွား(AMW၊ Kit)ပုံးများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ မွမ်းမံသင်တန်းကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်တာ သင်ကြားပို့ချပေးခဲ့ရာ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






# ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း( BE.FALLS) သို့ လာရောက်လည်ပတ်သည့် ဧည့်သည်ဝင်ရောက်မှု သုံးသန်းပြည့်အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၇**

ပြင်ဦးလွင်- လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိရာ ယနေ့တွင် လာရောက်လည်ပတ်သည့် ဧည့်သည် သုံးသန်းပြည့်မြောက်ခဲ့ပြီး ဖြစ်သည်။

သုံးသန်းပြည့် လာရောက်သည့်ဧည့်သည်မှာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်မှ ဒေါ်ခင်မာလွင်ဖြစ်ပြီး အဆိုပါဧည့်သည်အား ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)မှ တာဝန်ရှိသူများက ဧည့်သည်ဝင်ရောက်မှု သုံးသန်းပြည့်အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ငွေကျပ် ငါးသိန်းပါသည့် ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာ အခမဲ့ဝင်ရောက်ခွင့် (Gold Card)နှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဧည့်သည်နှင့်အတူ ပါရှိလာသည့် မိသားစုဝင်များအား အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်းလည်ပတ်ခြင်းများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးသည်။

**ကြိုတင်ပြင်ဆင်စီမံထားရှိ**

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) အနေဖြင့် လာရောက်အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကာ အပန်းဖြေစခန်း အဆင့်မြှင့်တင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ အပန်းဖြေစခန်းများနည်းတူ လေ့လာအပန်းဖြေ ဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာစတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**စစ်တွေ ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လူထုအားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ မြို့လယ်ချောင်း တံတားရှေ့၌ စုရပ်ပြုလုပ်၍ ကျင်းပသည်။



စုပေါင်း လမ်းလျှောက်ပွဲကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀၀ ကျော် ပါဝင်ဆင်နွှဲကြပြီး မြို့လယ်ချောင်း တံတားရှေ့ စုရပ်မှစတင်ကာ မေယုလမ်း တစ်လျှောက် ထို့မှတစ်ဆင့် သတ္တဌာနလမ်းမှ စစ်တွေမြို့ ဧညဝတီ အားကစားကွင်းသို့ စုပေါင်း လမ်းလျှောက်ကြပြီး အားကစားကွင်း ပွဲကြည့်စင်ရှေ့၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အစီအစဉ်များကို ပြုလုပ်ကြသည်။

တင်ထွန်း(ပြန်/ဆက်)

# သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မင်းရွာကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် နိုင်ငံသားအရည်အချင်းပြည့်မီသူ အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခြင်းမရှိသူများနှင့် နိုင်ငံသားကတ်ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်ခြင်းတို့ကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကူညီဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်တင်တင်ယုက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်၊ ပန်းခင်းစီမံချက်အကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းကြောင့် ရရှိမည့်အခွင့်အရေး၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် မင်းရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)




# ပန်းတနော်မြို့နယ်၌ ဒီဇင်ဘာလ နောက်ဆုံးပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ




**ပန်းတနော် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒီဇင်ဘာလ နောက်ဆုံးပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါလူထုလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၆၅၀ ခန့် စုပေါင်းလမ်းလျှောက်ကြသည်။ ထို့နောက် အနောက်ပိုင်းရပ်ကွက် မြို့နယ်ဘောလုံးအားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆင်နွှဲကြပြီး မြို့နယ်ဘောလုံးအားကစားကွင်းတွင် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုအဖြစ် အမျိုးသား မီတာ (၁၀၀) အပြေးပြိုင်ပွဲနှင့် အမျိုးသမီး အိတ်စွပ်အပြေးပြိုင်ပွဲများကျင်းပကာ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**"လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့"**

# နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၈၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းအင်အား ၃၈၀၀ကျော် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

**စုပေါင်းလမ်းလျှောက်**

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သေနတ်ပစ်ဖောက်၍တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများ အတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာ အားကစားလ စတုတ္ထပတ် လူထု စုပေါင်းလမ်းလျှောက်ပွဲကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး သတ်မှတ်လမ်း အတိုင်း စုပေါင်းလမ်းလျှောက်ကြကာ ပြည်သူ့ရင်ပြင်သို့ ပြန်လည် ပန်းဝင်ကြသည်။

ထို့နောက် ပြည်သူ့ရင်ပြင် အတွင်း ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို စုပေါင်း ဆောင်ရွက်ကြသည်။

အဆိုပါ လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၁၃၅ ဦးတို့က ပျော်ရွှင်စွာ ပါဝင် ဆင်နွှဲကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပ သော ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး (အလွတ်တန်း) စက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့် ပွဲအခမ်းအနားကို ပြည်သူ့ ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး (အလွတ်တန်း) စက်ဘီးပြိုင်ပွဲကို သတ်မှတ် နေရာအလိုက် သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး စက်ဘီးစီး အားကစားသမားများနှင့်စက်ဘီးစီး အားကစား ဝါသနာပါသူများက တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ပန်းဝင်လာသည့် အားကစားသမားများအား ကြိုဆိုကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့က ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အသက်အကြီးဆုံး/ အသက်အငယ်ဆုံး အားကစား သမားများနှင့် နှစ်သိမ့်ဆုရရှိသူ များအား ဆုများပေးအပ်ချီးမြှင့် ကြပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပန်းဝင်သူအားလုံးကို ဂုဏ်ပြု ချီးမြှင့်ငွေ ပေးအပ်သည်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး (အလွတ်တန်း) စက်ဘီးပြိုင်ပွဲတွင် အမျိုးသား စက်ဘီးစီးပြိုင်ပွဲဝင် ၉၈၆ ဦးနှင့် အမျိုးသမီးစက်ဘီးစီး ပြိုင်ပွဲဝင် ၈၂ ဦး စုစုပေါင်း ၁၀၆၈ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မဲရုံများ ပြင်ဆင် ထားရှိမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကမာရွတ်မြို့နယ်အတွင်း အမှတ် (၉)ရပ်ကွက် အမှတ်(၂)အခြေခံ ပညာမူလတန်းကျောင်းရှိ မဲရုံ(၁) ပြင်ဆင်ထားရှိမှု၊ အမှတ်(၁၀) ရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံ(၁) ပြင်ဆင်ထားရှိမှု၊ အမှတ်(၁၀) ရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဌာနရှိ မဲရုံ(၂) ပြင်ဆင်ထားရှိမှု၊ အမှတ်(၉)ရပ်ကွက် University Of Yangon Center For Research and Innovation ရှိ မဲရုံ(၂) ပြင်ဆင်ထားရှိမှု၊ အမှတ်(၆) ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံ(၁) ပြင်ဆင်ထားရှိမှု၊ အမှတ်(၅) ရပ်ကွက် အမှတ်(၁၀)အခြေခံ ပညာမူလတန်းကျောင်းရှိ မဲရုံ(၃) ပြင်ဆင်ထားရှိမှု၊ အမှတ်(၄) ရပ်ကွက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်း ဓမ္မာရုံရှိ မဲရုံ(၂) ပြင်ဆင် ထားရှိမှုနှင့် အမှတ်(၁)ရပ်ကွက် Pride ISM ကိုယ်ပိုင်ကျောင်းရှိ မဲရုံ(၂)နှင့်(၃) ပြင်ဆင်ထားရှိမှုတို့ ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က လိုအပ်သည် များ မှာကြားသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးများသည် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဗိုလ်တထောင်မြို့နယ် နှင့် အလုံမြို့နယ်တို့အတွင်းရှိ မဲရုံများပြင်ဆင်ထားရှိမှု၊ မရမ်းကုန်း မြို့နယ်အတွင်းရှိ မဲရုံများပြင်ဆင် ထားရှိမှု၊ တွံတေးမြို့နယ်အတွင်းရှိ မဲရုံများပြင်ဆင်ထားရှိမှု၊ သန်လျင် မြို့နယ်အတွင်းရှိ မဲရုံများပြင်ဆင် ထားရှိမှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ မဲရုံများပြင်ဆင် ထားရှိမှု၊ ကျောက်တံတားမြို့နယ် အတွင်းရှိ မဲရုံများပြင်ဆင်ထားရှိမှု၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီး မြို့နယ်တို့အတွင်းရှိ မဲရုံများ ပြင်ဆင်ထားရှိမှု၊ သဃ်န်းကျွန်း မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ အတွင်းရှိ မဲရုံများပြင်ဆင်ထားရှိ မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဒီဇင်ဘာလူထုအားကစားလ နောက်ဆုံးအပတ် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



**မော်လမြိုင် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာလူထုအားကစားလ နောက်ဆုံးအပတ် စုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင် မြို့ မောရဝတီပန်းခြံရှေ့၌ ကျင်းပ သည်။

**ပါဝင်ဆင်နွှဲ**

စုပေါင်းလမ်းလျှောက်ပွဲတွင် မွန် ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီ ကောလိပ်၊ သူနာပြုသားဖွား သင်တန်းကျောင်း၊ အားကစားနှင့် ကာယသိပ္ပံလေ့ကျင့်ရေးကျောင်း (မော်လမြိုင်)၊ အခြေခံပညာ အထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အားကစားလိုက်စားသူ အများ ပြည်သူများက စုရပ်ဖြစ်သည့် မော်လမြိုင်မြို့ မောရဝတီပန်းခြံ ရှေ့မှစတင်၍ ကမ်းနားလမ်း တစ်လျှောက် ရာမညအားကစား ကွင်းအထိ တပျော်တပါးပါဝင် ဆင်နွှဲကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ များ၊ ကျောင်းသား ကျောင်းသူများ နှင့် အများပြည်သူများသည် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း အတွဲ(၁)နှင့်(၂)တို့ကို အတူတကွ စုပေါင်းဆောင်ရွက်ကြသည်။

**ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်က ဒီဇင်ဘာလူထုအားကစားလ ပျော်ပွဲရွှင်ပွဲ အစီအစဉ်အနေဖြင့် အမှတ်တရဆုမဲများ ဖောက်ပေး ပြီး ဆုရရှိသူများအား ဆု လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ




**ပုသိမ် ဒီဇင်ဘာ ၂၇**

တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇင်ဘာလအား လူထုလှုပ်ရှား အားကစားလအဖြစ် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း စုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်လျက်ရှိပြီး ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်း ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့တွင်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးရာ ရွှေရုပ်တုအဝိုင်းရှေ့မှစတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုးသိန်းအားကစားကွင်းတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၊ Physical Fitness Dance များကို အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒီဇင်ဘာအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၄၀၀၀ ကျော်က တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား စက်ဘီး၊ မတ်တပ်ပန်ကာ၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ Track Suit၊ တီရှပ်၊ ဘောလုံး၊ ဘော်လီဘောလုံး၊ ခြင်းလုံးများကို စတုတ္ထအကြိမ်အဖြစ် ကံစမ်းမဲဖောက်ပေးခဲ့ကာ မဲပေါက်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် ၂၆ ခုနှင့် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲ/ယာများတွင် အိမ်၊ လမ်း၊ ရွာ၊ ကျောင်း သန့်ရှင်းသာယာလှပရေးအတွက် တပ်ရင်း တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အပတ်စဉ် စနေ့နေ့တိုင်း စုပေါင်းသန့်ရှင်းရေးကိုဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်တက္ကသိုလ် ဓမ္မာရုံဝင်းအတွင်း ဌာနဆိုင်ရာများနှင့် ပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် ၂၆ ခုတွင်လည်း ဒီဇင်ဘာ လူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူများက တပျော်တပါး ပါဝင်ဆင်နွှဲ၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၊ Physical Fitness Dance များကို အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မြို့၊ ရွာများ သန့်ရှင်းသာယာလှပရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



**လွိုင်ကော် ဒီဇင်ဘာ ၂၇**

ကယားပြည်နယ် အစိုးရအဖွဲ့ကကြီးမှူး၍ ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့တွင် စုရပ်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လွိုင်ကော်)မှ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ဆင်နွှဲကြသည်။

လူထု လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူအားလုံးက ပြည်နယ်ခန်းမရှေ့မှ စတင်တာထွက်ပြီး မြို့လယ်နာရီစင်မှ နောင်ယားကန်အထိ၊ ဦးနီလမ်းမှ ထေးငှားလျားကန်နှင့် လွိုင်ကော်တက္ကသိုလ်ကိုဖြတ်သန်း လမ်းလျှောက်ကြပြီး ပြည်နယ် အားကစားကွင်း၌ ပြန်လည်စုစည်းကြ၍ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၏ ကိုယ်လက်လှုပ်ရှားမှု သွေးပူလေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ(၂)နှင့် Fitness Dance သရုပ်ပြသမှုများကို ပါဝင်ဆင်နွှဲသူအားလုံးက စိတ်လက်ပျော်ရွှင်စွာဖြင့် အတူတကွ လိုက်ပါဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်အစိုးရအဖွဲ့က လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူအားလုံးကို နံနက်စာမုန့်များဖြင့် ကျွေးမွေးကြသည်။

ထို့နောက် လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများကို ပြည်နယ်အစိုးရအဖွဲ့က လူသုံးကုန်ပစ္စည်းများကို ကံစမ်းမဲများဖောက်ပေးကြပြီး ကံစမ်းမဲပေါက်သူများအားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လွိုင်ကော်မြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ မဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တွေ့ဆုံအားပေးပြီး မဲရုံသုံးပစ္စည်းများ သက်ဆိုင်ရာမဲရုံများသို့ ပို့ဆောင်နိုင်ရေးစီမံဆောင်ရွက်နေမှုကို လည်းကောင်း၊ လောဓမ္မရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲရုံတာဝန်ကျဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့များ စုဖွဲ့ထားရှိမှု၊ မဲရုံအတွင်း မဲပေးစက်များ တပ်ဆင်စမ်းသပ်နေမှုနှင့် ဆန္ဒမဲပေးနိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဒေါတမရပ်ကွက် မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)နှင့် နွားလဝိုးကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)နှင့် မဲရုံအမှတ် (၃) တို့တွင် မဲရုံတာဝန်ကျဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့ဝင်များစုဖွဲ့ထားရှိမှု၊ မဲပေးစက်များ တပ်ဆင်စမ်းသပ်နေမှုနှင့် ဆန္ဒမဲပေးနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ရှိသူများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ



**မုံရွာ ဒီဇင်ဘာ ၂၇**

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အရှေ့ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် အားကစားကို ချစ်မြတ်နိုးသူများ စုစုပေါင်းအင်အား ၃၅၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက အချက်ပြအလံဝှေ့ယမ်း၍ စတင်တာလွှတ်ပေးရာ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများသည် မုံရွာမြို့ အရှေ့ဘက်ကန်သာယာ ပြည်ထောင်စုရင်ပြင်ရှိ သက်မှတ်နေရာများမှ အရှေ့ကန်သာယာကန်တစ်ပတ် ကန်ပတ်လမ်း တစ်လျှောက် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး ပြည်ထောင်စုရင်ပြင်သို့ ပြန်လည်ဝင်ရောက်ကာ ကိုယ်ကာယလေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ(၂)နှင့် Physical Fitness Dance များကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက်စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးက နံနက်စာဖြင့် ဧည့်ခံကျွေးမွေးကြပြီး ကံစမ်းမဲများဖွင့်ဖောက်ပေးကာ ဆုမဲပေါက်သူများအားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ကွေ့ကြီးရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသည့် မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်း လာရောက်ကြည့်ရှုနေမှုကိုလည်းကောင်း၊ အဆိုပါကျောင်းဝင်းအတွင်းရှိ မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၃) ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ အိုးဘိုတောင်ရပ်ကွက် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် အိုးဘိုတောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဝင်းအတွင်းရှိ မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂) ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေး၊ ဒီမိုကရေစီ၊ ဈေးကွက်စနစ်နှင့် တရားမျှတမှုတန်ဖိုးသိမှ တန်ဖိုးရှိ

ကြယ်စင်ဖေသင်



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်စောစော အချိန်တွင် မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ရာကျော် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို နယ်ချဲ့အင်္ဂလိပ်တို့ ထံမှ ပြန်လည်ရရှိခဲ့သည်။ တစ်နည်းဆိုသော် မိမိမြေရေ၊ မိမိဒေသတွင် လွတ်လပ်စွာ နေထိုင်၊ ပြောဆို၊ လုပ်ကိုင်၊ စားသောက်ခွင့်တို့ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လွတ်လပ်ရေးကို နိုင်ငံအနှံ့ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် တိုင်းရင်းသားပြည်သူအပေါင်းတို့က တစ်ဗိုလ်ကျ တစ်ဗိုလ်တက်၊ တစ်နည်းမရ တစ်နည်းဖြင့် အချိန်ကာလတစ်လျှောက် အသက်သွေးချွေးများစတေးပြီးမှ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ပြည့်ပြည့်ဝဝ ကျေနပ်ပျော်ရွှင်မှုမရခဲ့ကြ။ လွတ်လပ်ရေးရလုဆဲဆဲကာလ၌ တစ်နိုင်ငံလုံး ချစ်ခင်လေးစားကြည်ညိုရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်အချို့ လုပ်ကြံခံရသောကြောင့်ဖြစ်သည်။

မိမိတို့ပိုင်ဆိုင်ခဲ့သည့် အရာတစ်ခု ပြန်လည်ရရှိရေးအတွက် အလွန်အမင်း စွန့်လွှတ်ပေးဆပ်ခဲ့ကြရ၏။ ဤသို့ဆိုလျှင် မိမိတို့ပြန်လည်ရရှိခဲ့သော လွတ်လပ်ရေးအတွက် ပေးဆပ်ရသည့် အရင်းအနှီး မည်ရွေ့မည်မျှ ကြီးမားသည်ကို ပြောစရာပင်လိုမည်မထင်။ ထိုသို့ တန်ဖိုးကြီးမားလှပြီး တန်ဖိုးမဖြတ်နိုင်သည့် လွတ်လပ်ရေးကို နှစ်နှစ်ကာကာ မြတ်နိုးတတ်ရန် လိုအပ်ပါသည်။ တစ်ဦးတစ်ယောက်ချင်း အကျိုးစီးပွားမှစ၍ တစ်နိုင်ငံလုံး အကျိုးစီးပွားအတွက် အဖိုးတန်သော အခွင့်အလမ်းအဖြစ် အသုံးပြုရာတွင်လည်း အကျိုးရှိရှိ၊ ထိထိရောက်ရောက် အသုံးချတတ်ရန်လည်းလို၏။ ထိုအခြေအနေများကို ပြန်လည်ဆင်ခြင် နှလုံးသွင်းထားနိုင်မှ လွတ်လပ်ရေး၏တန်ဖိုးကို ကောင်းစွာသိမြင်လျက် တန်ဖိုးထားတတ်ပေလိမ့်မည်။

## အခွင့်အရေး တာဝန်ဝတ္တရားနှင့် အပြုအမူ

မိမိတစ်ဦးတည်း၊ မိမိတို့တစ်ဖွဲ့တည်း စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ပြုမူလုပ်ဆောင်ခြင်းသည် လွတ်လပ်ရေးဟု ဆိုနိုင်ပါသလော။ **“လွတ်လပ်ရေး”** သဘောတရားနှင့်ပတ်သက်၍ လေ့လာအကိုးအကားပြုစရာ များစွာရှိသည့်အနက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အယူအဆကို လေ့လာရုံနှင့်ပင် အလွယ်တကူ သဘောပေါက်နိုင်သည်။ လွတ်လပ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အယူအဆကို ၎င်း၏ မိန့်မှာချက်တစ်ခု၌ ဤသို့တွေ့လိုက်ရသည်။

“….. လွတ်လပ်ရေးရတော့မယ်လို့ ဆိုလို့ရှိရင်……ပဒေသာပင်ကြီး ချက်ချင်း နေ့ချင်းညချင်း ပေါက်လာကြတော့မလို့ ခင်ဗျားတို့ ထင်ကြတဲ့ လူတွေများကြတယ်။ တချို့လဲပဲ ဟာ… လွတ်လပ်ရေးရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့… ဟသ်ာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။….. လမ်းမပေါ်မှာ ဆေးရိုးလှန်းတယ်။ ဟာ….လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာသွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးရိုးလှန်းတယ်။ အဲသည်တော့ လမ်းသွားလမ်းလာလုပ်တဲ့ လူတွေ အတော်ဂွကျသွားတယ်။ အဲဒါ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ကဘာလဲ….။ တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တမျိုးသားလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားသူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ”

လွတ်လပ်ရေးဟူသည် စည်းကမ်းမဲ့ မိမိတို့ လုပ်ချင်ရာ၊ မိမိတို့ဆန္ဒအတိုင်း (တစ်ဖက်သား (သို့မဟုတ်) လူအများ၏အကျိုးစီးပွားကို ထိခိုက်မှု ရှိ၊ မရှိ မစဉ်းစားဘဲ)လုပ်နိုင်သည့် အခြေအနေမဟုတ်သည်ကိုလည်းကောင်း၊ အစွန်းရောက်သော အခြေအနေမျိုး မဟုတ်ကြောင်းကိုလည်းကောင်း ဗိုလ်ချုပ်က ထောက်ပြပြောဆိုသွားခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးသည် စည်းနှင့်ကမ်းနှင့်ဖြစ်သည်။ စည်းကမ်းနည်းလမ်းကို ကောင်းစွာနားလည်ပြီး အလုပ်လုပ်ကြမှသာ လွတ်လပ်ရေးရရှိခြင်း၏ အနှစ်သာရကို ရရှိခံစားရမည်ဖြစ်ကြောင်းကိုလည်း ဤသို့ မိန့်မှာခဲ့ပေသည် -

“လွတ်လပ်ရေးအဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။………အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရတယ်”

လွတ်လပ်ရေးဆိုသည့်အရာတွင် အခွင့်အရေးများနှင့်အတူ တာဝန်ဝတ္တရားများ ရှိလာပုံ၊ မိမိ၏ အကျိုးစီးပွားကို ဖော်ဆောင်ရင်း အခြားသူများ၏ အကျိုးစီးပွားကိုလည်း ဂရုပြုရန်လိုပုံ၊ စည်းစနစ်နှင့် စည်းကမ်းကျနစွာ နေထိုင်ရပ်တည်ကာ နိုင်ငံ့အကျိုးစီးပွားအတွက် လွတ်လပ်ရေးကို အကျိုးရှိစွာ အသုံးပြုရန်လိုအပ်ပုံ၊ လွတ်လပ်ရေးနှင့်အတူ ရရှိလာသော တာဝန်နှင့် လိုက်နာရမည့်အရာများကိုလည်း အများပြည်သူတို့၏ နှလုံးသည်းပွတ်သို့ ရိုက်ခတ်သွားနိုင်သည်အထိ ဗိုလ်ချုပ်က ဤသို့ သတိပေးစကား ပြောကြားခဲ့ခြင်းဖြစ်သည်။ အရိုင်းဆန်သည့်စကားများပါသော်လည်း နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှလာသော စကားလုံးများဖြစ်သဖြင့် ဤတစ်သက် မည်သို့မျှ မေ့မရနိုင်သည့် စကားများဖြစ်ခဲ့ရသည်။

## အခြားတစ်ဖက်ကို မထိခိုက်စေသော ဒီမိုကရေစီ၏ လွတ်လပ်မှု

**ဒီမိုကရေစီသဘောတရား၊ အယူအဆနှင့်ပတ်သက်၍လည်း လွတ်လပ်ရေးသဘောကဲ့သို့ပင် စဉ်းစားနိုင်သည်။ ဒီမိုကရေစီဟုဆိုလျှင် လွတ်လပ်စွာ ပြုမူခြင်းဟု ယေဘုယျသဘောပေါက်ကြသည်။ လွတ်လွတ်လပ်လပ် လုပ်ချင်ရာလုပ်နိုင်သည်ဟု ထင်မှတ်မှားကြ၏။ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆန္ဒထုတ်ဖော်ခွင့် စသည်ဖြင့် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများအားလုံးကို ဒီမိုကရေစီတွင် ရရှိနိုင်သည်ဟု နားလည်ထားကြခြင်းဖြစ်သည်။ မှန်ပါသည်။ ဒီမိုကရေစီစနစ်သည် လွတ်လပ်မှုကို အခြေခံထား၏။ လွတ်လပ်စွာ ပြောဆို၊ ပြုမူ၊ လုပ်ဆောင်နိုင်၏။ သို့သော် ထိုလွတ်လပ်မှုသည် တစ်ဖက်လူ၊ တစ်ဖက်အဖွဲ့ စသည်ဖြင့် မိမိကိုယ်မှလွဲ၍ အခြားသော ပုဂ္ဂိုလ်များ၊ အခြေအနေများပေါ် အနုတ်လက္ခဏာ သက်ရောက်မှုမရှိသော၊ ထိခိုက်မှုမရှိသော မျှတမှုရှိသည့် လွတ်လပ်မှုသာဖြစ်သည်။**

ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်တွင် လူ့အဖွဲ့အစည်းအတွင်းရှိ လူအားလုံး လွတ်လပ်စွာ ပါဝင်ကြ၏။ အများ၏ဆန္ဒအရ ရလဒ်ဖြစ်ထွန်းပေါ်ပေါက်၏။ ထိုသို့ တစ်ဦးချင်း၏ လွတ်လပ်သော အပြုအမူများဖြင့် အများ၏အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဒီမိုကရေစီဆိုသည်မှာ လူအများစု၏ဆန္ဒအတိုင်း လူအများစုအကျိုးအတွက် လုပ်ဆောင်သောစနစ်ဟု သာမန်အတွေးဖြင့်ပင် နားလည်နိုင်သည်။ ထို့ကြောင့်လည်း ဒီမိုကရေစီစနစ်၏ အခြေခံအကြောင်းတရားမှာ လူအများ၏ ဆန္ဒဖြစ်ပြီး အခြေခံအကျိုးတရားမှာ လူအများ၏ အကျိုးစီးပွားဖြစ်ပေသည်။

လူအများ၏ဆန္ဒဟုဆိုရာတွင် လွတ်လပ်ခြင်းဟူသည် အခြေခံအကြောင်းဖြစ်သောကြောင့် လူတစ်ဦးချင်း၊ တစ်ယောက်ချင်းစီသည် ၎င်းတို့၏ စိတ်ဆန္ဒအတိုင်း (မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အဖွဲ့အစည်း၏ လွှမ်းမိုးမှု၊ ထိန်းချုပ်မှု မရှိဘဲ လွတ်လပ်စွာ) ပြုလုပ်နိုင်ခွင့်ရှိခြင်းပင်ဖြစ်သည်။ လူတစ်ယောက်အနေဖြင့် ၎င်းစိတ်တိုင်းကျ ပြုမူပြောဆိုလုပ်ကိုင်ခြင်းကို ဒီမိုကရေစီ၏ အနှစ်သာရဟု ထင်မှတ်ကြခြင်းဖြစ်၏။ ဒီမိုကရေစီနှင့် ပတ်သက်၍ အမည်နာမ၊ အမျိုးအစားအမျိုးမျိုးဖြင့် သတ်မှတ်ခေါ်ဝေါ်ကြ၏။ တိုက်ရိုက်ဒီမိုကရေစီ၊ တစ်ဆင့်ခံဒီမိုကရေစီ၊ အရှေ့တိုင်းဒီမိုကရေစီ၊ အနောက်တိုင်းဒီမိုကရေစီ၊ **စာမျက်နှာ ၂၁ သို့** ❖

**❛ဒီမိုကရေစီသဘောတရား၊ အယူအဆနှင့်ပတ်သက်၍လည်း လွတ်လပ်ရေးသဘောကဲ့သို့ပင် စဉ်းစားနိုင်သည်။ ဒီမိုကရေစီဟုဆိုလျှင် လွတ်လပ်စွာပြုမူခြင်းဟု ယေဘုယျသဘောပေါက်ကြသည်။ လွတ်လွတ်လပ်လပ် လုပ်ချင်ရာ လုပ်နိုင်သည်ဟု ထင်မှတ်မှားကြ၏။ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆန္ဒထုတ်ဖော်ခွင့် စသည်ဖြင့် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများအားလုံးကို ဒီမိုကရေစီတွင် ရရှိနိုင်သည်ဟု နားလည်ထားကြခြင်းဖြစ်သည်။ မှန်ပါသည်။ ဒီမိုကရေစီစနစ်သည် လွတ်လပ်မှုကိုအခြေခံထား၏။ လွတ်လပ်စွာ ပြောဆို၊ ပြုမူ၊ လုပ်ဆောင်နိုင်၏။ သို့သော်ထိုလွတ်လပ်မှုသည် တစ်ဖက်လူ၊ တစ်ဖက်အဖွဲ့ စသည်ဖြင့် မိမိကိုယ်မှလွဲ၍ အခြားသောပုဂ္ဂိုလ်များ၊ အခြေအနေများပေါ် အနုတ်လက္ခဏာ သက်ရောက်မှုမရှိသော၊ ထိခိုက်မှုမရှိသော မျှတမှုရှိသည့် လွတ်လပ်မှုသာဖြစ်❜**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး ခါကာဘိုရာဇီအစည်းအဝေးခန်းမ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌လည်းကောင်း ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မဲရုံနေရာဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁၅)၊ မင်းရပ်ရပ်ကွက်ရှိ မဲရုံအမှတ်(၃) အောင်နန်းရိပ်သာရပ်ကွက်ရှိ မဲရုံအမှတ်(၈၉)၊ ရွှေညောင်ပင်ရပ်ကွက်ရှိ မဲရုံအမှတ်(၈၃)နှင့် လယ်ကုန်းရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၇၃) တို့သို့လည်းကောင်း။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက မဲရုံများပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)သီရိမဟာရပ်ကွက်ရှိ မဲရုံအမှတ်(၂)၊ မဲရုံအမှတ်(၇)၊ အမှတ်(၁၀) မြို့ဝမ်ရပ်ကွက်ရှိ မဲရုံအမှတ်(၂)၊ မဲရုံအမှတ်(၃)နှင့် အမှတ်(၉)ခါးရိုးရပ်ကွက်ရှိ မဲရုံအမှတ်(၈)တို့သို့လည်းကောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်း ရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ စဝ်စံထွန်းရပ်ကွက်၊ ဘုရားဖြူရပ်ကွက်၊ သစ်တောရပ်ကွက်နှင့် ကျောင်းကြီးစုရပ်ကွက်များရှိ မဲရုံတို့သို့လည်းကောင်း၊ ခိုလမ်မြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့် လင်းခေးမြို့နယ်များရှိ မဲရုံတို့သို့လည်းကောင်း။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် နောင်ကုန်ကျေးရွာအုပ်စုများရှိမဲရုံတို့သို့လည်းကောင်း။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မဲရုံတို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်များရှိ မဲရုံတို့သို့လည်းကောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၊ အိုးဘိုထောင်ရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါနခြံရပ်ကွက်နှင့် အလုံရပ်ကွက်များရှိ မဲရုံတို့သို့လည်းကောင်း။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဆံတော်ရပ်ကွက် မဲရုံ အမှတ်(၁)၊ မဲရုံအမှတ်(၂)၊ သီရိခေတ္တရာရတနာမြို့တော်ခန်းမရှိ ရွာဘဲရပ်ကွက် မဲရုံအမှတ်(၁၅)၊ မဲရုံအမှတ်(၁၆)၊ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)ရှိ ပြည်သာယာရပ်ကွက် မဲရုံအမှတ်(၄)၊ ရွှေတောင်မြို့ ရွှေတောင်မြို့နယ်ခန်းမရှိ သရက်တောရပ်ကွက်မဲရုံအမှတ်(၁)နှင့် အခြေခံပညာအထက်တန်းကျောင်း(ရွှေတောင်)ရှိ ကြာနီကန်ရပ်ကွက် မဲရုံအမှတ်(၁)တို့သို့လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲစာရင်းကပ်ထားမှု၊ မဲပေးစက်များပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များ စုဖွဲ့ပြင်ဆင်ထားရှိမှု၊ မဲဆန္ဒရှင်များအတွက် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ ပြုလုပ်ရန် ပြင်ဆင်ထားရှိမှု၊ မဲရုံမီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မူဆယ်မြို့နယ်၌ မဲရုံများအတွင်း မဲပေးစက်များ တပ်ဆင်ထားရှိမှုစစ်ဆေး

မူဆယ် ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမည့်ပြည်သူများ အဆင်ပြေချောမွေ့စေရန် မဲရုံများအတွင်း မဲပေးစက်များ တပ်ဆင်ထားရှိမှုကို ယနေ့မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မဲရုံများတွင် အီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးမည့်နေရာ ပြင်ဆင်ထားသည့်အခြေအနေများ၊ မဲစာရင်းစစ်ဆေးသူများ၊ အီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်မည့်သူများ၊ ဆန္ဒပြုခန်းများ၊ မဲပေးစက်များတပ်ဆင်ထားရှိမှုများ၊ လုံခြုံရေးတာဝန်ချထားမှုများ၊ ပါတီကိုယ်စားလှယ်များထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မူဆယ်မြို့တွင် ရပ်ကွက် ကိုးခုရှိပြီး မဲရုံပေါင်း ၁၈ ရုံ ဆန္ဒမဲပေးမည့်သူပေါင်း ၄၄၀၆၀ ရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## ပခုက္ကူမြို့၌ မဲရုံများကြိုတင်ပြင်ဆင်ထားရှိမှုနှင့် လက်တွေ့စမ်းသပ်မဲပေးမှုများ ကြည့်ရှုစစ်ဆေး

ပခုက္ကူ ဒီဇင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ မဲရုံများ ကြိုတင် ပြင်ဆင်ထားရှိမှုနှင့် လက်တွေ့စမ်းသပ် မဲပေးမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲ အရာရှိ ဒေါ်ချိုခိုင်ဦး၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ် (၁၅) ရပ်ကွက်အတွင်း ဖွင့်လှစ်ထားရှိသည့် မဲရုံများသို့ ကွင်းဆင်း၍ မဲရုံခင်းကျင်းပြင်ဆင်ထားရှိမှုများ၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ လုံလောက်သောအလင်းရောင်နှင့်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုများ၊ မဲရုံပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှုများနှင့် မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ လက်တွေ့စမ်းသပ် မဲပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကယ်ရီမောင်**

## ပေါင်မြို့နယ်၌ မဲစာရင်းလာရောက်ကြည့်ရှုရန်နှင့် နိုင်ငံသားတိုင်း မဲပေးကြရန် အသိပေးနှိုးဆော်

ပေါင် ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ရပ်ကွက်/ကျေးရွာအလိုက် မဲစာရင်းလာရောက်ကြည့်ရှုရန်နှင့် နိုင်ငံသားတိုင်း



မဲပေးကြရန်အတွက် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့် ရပ်ကွက်၊ ကျေးရွာများ၌ ယမန်နေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ထိုသို့အသိပေးနှိုးဆော်ရာတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင် ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ကပ်ထားကြေညာထားကြောင်းနှင့် ကြေညာထားသောမဲစာရင်းများရှိ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားပြီး ဇန်နဝါရီ ၁၁ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ သက်ဆိုင်ရာမဲရုံများသို့ သွားရောက် ဆန္ဒမဲပေးကြရန် အသိပေးနှိုးဆော်ကြောင်းတို့ကို အသံချဲ့စက်ဖြင့် မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့် ရပ်ကွက်၊ ကျေးရွာများ၌ တာဝန်ရှိသူတို့က လှည့်လည်နှိုးဆော်ခဲ့ကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တပညာဇောတမထေရ် ဦးဆောင်မှုဖြင့် စတုဒိသာကျွေးမွေး

ညောင်ဦး ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံဘုရားဝင်းအတွင်း ဝေဇယန္တာဓမ္မဗိမာန်တော်ကြီးအတွင်း၌ ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တပညာဇောတမထေရ် ဦးဆောင်မှုဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းလျက်ရှိသည်။

ထိုသို့ စတုဒိသာကျွေးမွေးရာတွင် ထမင်းဟင်းများကို တစ်ရက်လျှင် လူဦးရေ ၁၅၀၀၀ ခန့်အား ခြောက်ရက်တိုင်တိုင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျွေးမွေးလျက်ရှိသည်။

စတုဒိသာကျွေးမွေးသည့် ဝေဇယန္တာဓမ္မဗိမာန်တော်သို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ လာရောက်ကြည့်ရှုအားပေးပြီး စတုဒိသာ လာရောက်စားသုံးသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## သထုံမြို့ လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး (၃၄)ကြိမ်မြောက် ပဋ္ဌာန်းဒေသနာတော်နှင့် ဖြဟ္မဇလသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

သထုံ ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် သထုံမြို့ ကျိက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် ဩဝါဒါစရိယဆရာတော်ကြီးများဦးစီး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပဋ္ဌာန်းဒေသနာတော်နှင့် ဖြဟ္မဇလသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကို (၃၄) ကြိမ်မြောက်အဖြစ် သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ယနေ့ နံနက်မှစတင်ကျင်းပသည်။



**နာယူ**

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး သထုံမြို့ ညောင်လေးပင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ အရှင်ပညာထံမှ ညွှတ်ပရိသတ်များက သီလခံယူဆောက်တည်ကြကာ တရားတော်မြတ်ကို နာယူခဲ့ကြသည်။

ယင်းနောက် ရွှေစာရံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြလျှောက်ထားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ပဋ္ဌာန်းဒေသနာတော်နှင့် ဖြဟ္မဇလသုတ်တော် ပူဇော်ပွဲအတွက် လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်များကို သံပြိုင်ရွတ်ဖတ် သရဇ္ဈာယ်ကြပြီး အလှည့်ကျ ဆရာတော်၊ သံဃာတော်များက ဒေသနာတော်ကို စတင် ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ ပဋ္ဌာန်းဒေသနာတော်နှင့်ဖြဟ္မဇလသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲတွင် သထုံမြို့နယ်အတွင်းရှိ သံဃာတော် ၂၆ ပါးတို့က ဒီဇင်ဘာ ၂၇ ရက် နံနက်မှစတင်ကာ ငါးရက်ကြာ နေ့ညအသံမစဲ ရွတ်ဖတ် ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ Impactful Youths Skills Training ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ အမှတ်(၉၄)ရပ်ကွက် အထောက်အကူပြုလူငယ်ရေးရာ ကော်မတီနှင့် Fragrance Team တို့ ပူးပေါင်း၍ Impactful Youths Skills Training ကို ယနေ့တွင် လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ပညာဒါန သင်တန်းခန်းမ၌ ကျင်းပသည်။



ဦးစွာ အမှတ်(၉၄)ရပ်ကွက် အထောက်အကူပြုလူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ခန့်မင်းက အမှာစကားပြောကြားပြီး Fragrance Team Project Manager ဦးထက်အောင်လင်းက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အမှတ်(၉၄) ရပ်ကွက်အတွင်းရှိ အသက် (၁၂) နှစ်မှ (၁၈)နှစ်အတွင်း လူငယ် ၃၀ အား Communication၊ Social Networking၊ Problem Solving၊ Social Media Literacy တို့ကို သင်ကြားပေးပြီး အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့်ဆွေးနွေးချက်များကိုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**



## သန်လျင်ခရိုင်အတွင်း လယ်ယာကုန်ထုတ်လမ်းများ ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရွက်သစ်နုဝေကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာ ကုန်ထုတ်(မြေ+ဂဝံလမ်း) ခင်းခြင်းလုပ်ငန်း၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာ အဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ပြည်ထောင်စု အထွေထွေ ပိုလျှံငွေဖြင့် ဆောင်ရွက်သည့် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ကျောင်းကုန်းဆိပ်ကြီးလမ်းပေါ်ရှိ(၀/၁မိုင်နှင့် ၀/၂မိုင်)အတွင်း Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် May Lay စက်ချုပ်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## ပုသိမ်မြို့နယ်အတွင်း လမ်း / တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဌာနကတာဝန်ယူဆောင်ရွက်သော ရှောပြာ-အိုးဖိုကုန်းလမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူမင်းက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လမ်းကော်မတီများနှင့် ဒေသခံပြည်သူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



မေချို

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ပင်လောင်းမြို့ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစု အမှုဆောင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။



ဆက်လက်ပြီး ပင်လောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်က လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြရတနာတည်းခိုခန်းလုပ်ငန်းနှင့် သက်တန့်ရောင် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသော နေ့ခင်းတရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှု။




KK Park နယ်မြေအပိုင်း(၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံ။

၁ ကျောဖုံးမှ

ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ငါးလုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၅၁၉ လုံး ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၆၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK park နယ်မြေနှင့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဇန်နဝါရီလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်း တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် လေးရက်မှခြောက်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

၄။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

၅။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နှစ်ရက်မှ ကိုးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၆။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၇။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၈။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့ တို့တွင် တစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# မဲရုံနေရာများ မီးဘေးလုံခြုံရေး မီးငြိမ်းသတ်ခြင်းလက်တွေ့ပြသ



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်း ဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၅ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံနေရာများနှင့် မဲရုံပတ်ဝန်းကျင်၌ မီးလောင်မီးလန့်မှုများ၊ အခြားမတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့က မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့ပြသခြင်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ပညာရေးမှူးဦးအေးလွင်နှင့် မြို့နယ်ပညာရေးမှူးများ၊ မှော်ဘီမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ခိုင်စိုးတို့ ဦးဆောင်သော မီးသတ်အဖွဲ့များဖြင့် တပ်ကြီးကုန်းရပ်ကွက်ရှိ မဲရုံများအား မီးဘေးအန္တရာယ် လုံခြုံရေးနှင့် မီးသတ်ဆေးဘူးများ ထားရှိရမည့်နေရာ ရှိ/မရှိ၊ မီးသတ်ကားဝင်/ထွက် ပြုလုပ်နိုင်ခြင်း ရှိ/မရှိ အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ သာသနဗိမာန်တော်၌ မီးဘေးလုံခြုံရေးအကြောင်းများ၊ မီးလောင်မှုဖြစ်ပွားခဲ့လျှင်လုပ်ဆောင်ရမည့် အချက်များကို ဟောပြောခဲ့ပြီး မီးသတ်ဦးစီးဌာနက တက်ရောက်လာကြသော အဖွဲ့များအား လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(ပြန်/ဆက်)**



# အောင်လံမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**အောင်လံ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ဒေသခံပြည်သူများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့က အောင်လံမြို့နယ်အတွင်း မဲရုံများပတ်ဝန်းကျင်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အောင်လံမြို့နယ်မီးသတ်စခန်းမှလက်ထောက်မီးသတ်ဦးစီးမှူး ဦးငွေနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန် အချက်များ၊ နေအိမ်များ၌ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အရန်သင့် စီစဉ်ဆောင်ရွက်ထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အသံချဲ့စက်ဖြင့် လိုက်လံသတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မြတ်ဗုဒ္ဓ၏ ဥပဒေတော်ငါးပါးသီလနှင့် နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေ၊ အထူးဥပဒေ၊ ရာဇဝတ်မှုဥပဒေတို့မှ ယှဉ်တွဲမှတ်ယူလိုက်နာ အသုံးဝင်၊ အသုံးချနိုင်မှု နှိုင်းယှဉ်ချက်များ လေ့လာခြင်း



ပေါင်ချိန်(ဥပဒေ) H.G.P, LL.B. ၏ မြတ်ဗုဒ္ဓ၏ ဥပဒေတော်ငါးပါးသီလနှင့် နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေ၊ အထူးဥပဒေ၊ ရာဇဝတ်မှုဥပဒေတို့မှ ယှဉ်တွဲမှတ်ယူလိုက်နာ အသုံးဝင်၊ အသုံးချနိုင်မှု နှိုင်းယှဉ်ချက်များလေ့လာခြင်းစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် သီလနှင့် သတိဉာဏ်ပညာ၊ သီလ၏ ဂုဏ်အင်္ဂါရပ်များအကြောင်း၊ ငါးပါးသီလ၏ မူဝါဒနှင့် ငါးပါးသီလအဖွင့်၊ သီလပါရမီနှင့် ဒါနပါရမီ ဆက်စပ်ခြင်း၊ လောကပါလတရားနှင့် ငါးပါးသီလ၏ အကျိုးအပြစ်များ၊ ငါးပါးသီလကို ဗုဒ္ဓမြတ်စွာဘုရား၏ ဥပဒေတော်ဟု တင်စားခေါ်ဝေါ်ကြခြင်း၊ မူကြိုကျောင်းအရွယ် ကလေးသူငယ်ကျောင်းသား ကျောင်းသူ၊ ကျောင်းဆရာ၊ မိဘများနှင့် အရွယ်ရောက်ပြီးသူ နိုင်ငံသားတိုင်းအတွက် နိုင်ငံတော်၏ ဥပဒေ(ဥပဒေပညာအခြေခံများနှင့် မိတ်ဆက်မျှဝေခြင်း)၊ ဗုဒ္ဓဘုရား၏ဥပဒေတော်ငါးပါးသီလနှင့်လောကတရားဥပဒေပြဋ္ဌာန်းချက်များဖြစ်သော ရာဇသတ်ဥပဒေ(ပြစ်မှုဆိုင်ရာဥပဒေ)၊ ကျင့်ထုံးဥပဒေ၊ အထူးဥပဒေတို့ မည်ကဲ့သို့ ယှဉ်တွဲသိမှတ်ကျင့်သုံးနိုင်ပုံ ဖော်ပြချက်ဇယား၊ ဗုဒ္ဓဘုရား၏ ဥပဒေတော် ငါးပါးသီလနှင့် လောကတရားဥပဒေပြဋ္ဌာန်းချက်ပုဒ်မများ ယှဉ်တွဲဆက်စပ်အသုံးဝင်သည့် အကြောင်းအရာ ဥပဒေများအပေါ် နိဂုံးချုပ်သုံးသပ်တင်ပြချက်၊ အနန္တောအနန္တ ငါးပါး ရှိခိုး၊ ဩကာသကန်တော့ခန်း၊ မေတ္တာပို့ခန်း၊ ဘုရားတရားသံဃာ တော်မြတ်၊ မာတာပိတု၊ ဆရာသခင်၊ သပ္ပုရိသသူတော်ကောင်း သူမြတ်လောင်းတို့၏ မေတ္တာကိုခံယူခြင်း၊ ဘုရားတရားသံဃာ စိန္တာမဏိဘုရားစာရွတ်ဆိုခြင်းတို့ ပါရှိသည်။

ယင်းစာအုပ်ကို ပေါင်ချိန်စာပေတိုက် ဖုန်း ၀၉-၄၅၀၀၀၇၈၇၉၊ အမှတ်(၁၃၆၈) စိန်ပန်းလမ်း ကမာကဆစ်ရပ်ကွက် ဒလမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဇာတ်တော်တစ်ဆယ် သိမှတ်ဖွယ်




ဝေမိုး (ကျွန်းလှ) ဓမ္မဂုဏ်ရည်ဆရာတော် (ရွှေပြည်သာ) ရေးသားသည့် ဇာတ်တော်တစ်ဆယ် သိမှတ်ဖွယ် စာအုပ် ထွက်ရှိလာသည်။

ဘုရားလောင်းပါရမီနုစဉ်ကာလနှင့် ပါရမီရင့်စဉ်ကာလတို့၌ ဖြစ်ခဲ့သော ဘဝပေါင်း ၅၄၇ ဘဝတွင် ဇာတ်တော်ကြီး ၁၀ ဘွဲ့ ပါဝင်သည်။ ဇာတ်တော်ကြီး ၁၀ ဘွဲ့ဖြစ်သည့် တေမိယဇာတ်၊ မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ်၊ မဟော်သဓာဇာတ်၊ ဘူရိဒတ္တဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓုရဇာတ်၊ ဝေဿန္တရာဇာတ်တို့အကြောင်း သိမှတ်ဖွယ်ရာများနှင့် ဇာတ်တော်တစ်ခုချင်းအလိုက် ခြုံငုံသုံးသပ်တင်ပြချက်များပါရှိသည်။

ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို ပါရမီရင့်တော်မူစ သို့မဟုတ် ဘုရားဖြစ်တော်မူခါနီး ၁၀ ဘဝတွင် ဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်များကို ပြည့်ပြည့်စုံစုံရေးသားထားသည်။ မင်းဘူးဆရာတော် အရှင်ဩဘာသ၊ အရှင်နန္ဒမေဓာနှင့် အရှင်ပညာတိက္ခတို့ ရေးသားတော်မူခဲ့ကြသော ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို အခြေခံ၍ လိုရင်းကို ထုတ်နုတ်ရေးသားထားသည်။

စာကို အရှိအတိုင်း ရေးသားတင်ပြခြင်းထက် သုံးသပ်ချက်၊ သုတေသနပြုချက်များဖြင့် ရေးသားတင်ပြခြင်းက စာ၏တန်ဖိုးကို တက်စေပါသည်။ ဤကျမ်းစာတွင် ဇာတ်တော်များဖြင့် ပြဆိုသော ပါရမီတော်များကို သုံးသပ်တင်ပြထားသည်။ ဇာတ်တော်တစ်ခုချင်းစီက ရရှိနိုင်သော ဗဟုသုတများ၊ သင်ခန်းစာများမှ ကောင်းနိုးရာရာ ရွေးထုတ်တင်ပြထားရာ စာဖတ်သူများ ကျေနပ်နှစ်သက်ကြလိမ့်မည်ဖြစ်သည်။

ယင်းစာအုပ်ကို သီရိရတနာစာပေ ဖုန်း ၀၉-၇၇၇၉၃၈၈၀၈၊ ၀၉-၅၁၂၅၂၈၅၊ ဗဟန်း(၂)လမ်း ရန်ကုန်မြို့နှင့် ကိုလတ်စာပေ ဖုန်း ၀၉-၂၆၅၀၂၀၀၆၈၊ အမှတ်(၂၂၀) ၃၁ လမ်း ရန်ကုန်မြို့တို့မှ တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် ဖြန့်ချိသည်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း) စက်ဘီးပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့၌ကျင်းပရာ ပြိုင်ပွဲဝင်စက်ဘီးစီးကစားသမား ၁၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြစဉ်။ ဗလ



## လွိုင်လင်မြို့၌ ရွေးကောက်ပွဲအသိပညာပေး လှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်

လွိုင်လင် ဒီဇင်ဘာ ၂၇

ရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်ပြီးသည့် မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် အသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့တွင် ကား၊ ဆိုင်ကယ်များကို စတေကာကပ်ခြင်း၊ မြန်မာ-ရှမ်း-ပအိုဝ်း တိုင်းရင်းသားဘာသာများဖြင့်ထုတ်ဝေထားသည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်နှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အခြေခံပညာကျောင်းများ၊ ဆေးရုံများနှင့် လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ထန်းတပင်မြို့နယ်တို့ရှိ ဆေးရုံများ၊ ဈေးများနှင့် လမ်းမကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မဲရုံများအဖြစ်ထားရှိမည့် စာသင်ကျောင်းနှင့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒီဇင်ဘာ ၂၆ ရက်က မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ ခင်စန္ဒာမြင့်(ပြန်/ဆက်)

❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ် လူသားအရင်းအမြစ်များ ပေါများကြွယ်ဝရန်လိုပြီး ဒေသတွင်းမှထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၀၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❍




KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

# အာဆီယံ ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးပြီး မြန်မာအသင်း တတိယလုပွဲကစားခွင့်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၇

၂၀၂၅ အာဆီယံ ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၇ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း တတိယလုပွဲကစားခွင့် ရရှိခဲ့သည်။



မြန်မာ ယူ-၁၆ ဖူဆယ်အသင်း ကစားသမားများကို တွေ့ရစဉ်။

အုပ်စုနောက်ဆုံးနေ့တွင် အိမ်ရှင်ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ သုံးဂိုးစီသရေကျပြီး ဗီယက်နမ်အသင်းက ဘရူနိုင်းအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ထိုင်းအသင်းကို သရေကစားနိုင်သဖြင့် ဗိုလ်လုပွဲတက်ခွင့်ရခဲ့ပြီး ဗီယက်နမ်အသင်းမှာမူ တတိယလုပွဲသာ ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အိမ်ရှင်ထိုင်းအသင်းက ၁၀ မှတ်၊ အင်ဒိုနီးရှားအသင်းက ရှစ်မှတ်၊ ဗီယက်နမ်အသင်းက ခုနစ်မှတ်၊ မြန်မာအသင်းက သုံးမှတ်ရရှိပြီး ဘရူနိုင်းအသင်းမှာမူ လေးပွဲစလုံးရှုံးပြီး အမှတ်မရခဲ့ပေ။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အဆင့် (၁) နေရာရ ထိုင်းအသင်းနှင့် အဆင့် (၂) နေရာရ အင်ဒိုနီးရှားအသင်းမှာ ဗိုလ်လုပွဲ၊ အဆင့် (၃) နေရာရ ဗီယက်နမ်အသင်းနှင့် အဆင့် (၄) နေရာရ မြန်မာအသင်းမှာ တတိယလုပွဲ ကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**


## ယနေ့ ဖတ်စရာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသို့ စောင့်ကြည့်လေ့လာကြမည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ နေပြည်တော်သို့ ရောက်ရှိ
စာမျက်နှာ » ၁၁

ရှမ်းပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲများ ကျင်းပခြင်း မပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ
စာမျက်နှာ » ၁၄

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ( BE.FALLS) သို့ လာရောက်လည်ပတ်သည့်ဧည့်သည် ဝင်ရောက်မှု သုံးသန်းပြည့်အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်
စာမျက်နှာ » ၁၇

နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၈၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ
စာမျက်နှာ » ၁၈

လွတ်လပ်ရေး၊ ဒီမိုကရေစီ၊ ဈေးကွက်စနစ်နှင့် တရားမျှတမှု တန်ဖိုးသိမှ တန်ဖိုးရှိ
ဆောင်းပါး စာမျက်နှာ » ၂၀